မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၂၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပညာခေတ်၏ ပြောင်းလဲနေသည့်အခြေအနေများကို ပြည့်ပြည့်စုံစုံသိမြင်ပြီး ကိုယ်တိုင်လိုက်ပါပြောင်းလဲ နိုင်ငံတကာပညာဝန်းကျင်ဖြင့် ချိတ်ဆက်နိုင်သမျှ ချိတ်ဆက်ထားနိုင်မှသာ ခေတ်မီပညာရှင်များဖြစ်မည်

နိုင်ငံတော်က ဖန်တီးပေးထားသည့် အခြေအနေကောင်းများကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုရရှိရေးကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် မန္တလေးမြို့သို့ ရောက်ရှိသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးများ လိုက်ပါလျက် ပြင်ဦးလွင်မြို့နယ်ရှိ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ဒုတိယသမ္မတအား တက္ကသိုလ်အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး ဒေါက်တာအောင်ဝင်းက ကျောင်းစတင်ဖွင့်လှစ်ခဲ့မှု၊ ရည်ရွယ်ချက်နှင့် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ ဤတက္ကသိုလ်ကို နိုင်ငံတစ်ဝန်းလုံး၌ ICT နည်းပညာအရာတွင် ပင်မဦးဆောင်နိုင်မည့် တက္ကသိုလ်တစ်ခုဖြစ်စေရန် မျှော်မှန်းကာ ရည်ရွယ်ချက်ရှိရှိဖြင့် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)ဟု အမည်ပေးခေါ်ဝေါ်ခဲ့ခြင်းဖြစ်ကြောင်း။

ဤတက္ကသိုလ်၏ ရည်ရွယ်ချက်တစ်ရပ်ဖြစ်သည့် "အဆင့်မြင့်သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သုတေသနနှင့် ချိတ်ဆက်သင်ကြားတတ်မြောက်စေမည့် နိုင်ငံတကာအဆင့်မီ နည်းပညာတက္ကသိုလ်တည်ထောင်ရန်" ဆိုသည့် ရည်ရွယ်ချက် ပြည့်ဝအောင်မြင်ရေးအတွက် နိုင်ငံတကာ နည်းပညာတက္ကသိုလ်များနှင့် ချိတ်ဆက်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကိုလည်း မြင်တွေ့ရသည့်အတွက် များစွာဝမ်းသာမိကြောင်း။

ထို့အပြင် ICT နည်းပညာများသင်ကြားရာတွင် ပိုမိုထိရောက်သော သင်ကြားမှုနည်းစနစ်များဖြင့် သင်ကြားနိုင်ရေးအတွက် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်မှုစနစ်ကိုပါ စနစ်တကျ ချမှတ်ဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရကြောင်း၊ တက္ကသိုလ်အရည်အသွေးမြှင့်တင်ရေးနည်းလမ်းတစ်ရပ်ဖြစ်သည့် ကျောင်းဝင်ခွင့်စိစစ်မှုအား ဝင်ခွင့်ရမှတ်မီ၍ လျှောက်ထားသူများအား ရေးဖြေစာမေးပွဲ၊ နှုတ်ဖြေစာမေးပွဲ စသည်ဖြင့် အဆင့်ဆင့်စိစစ်ခဲ့ရာ ယမန်နှစ်က လျှောက်ထားမှုစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်း ဝင်ခွင့်ရရှိခဲ့ပြီး ယခုနှစ်တွင် ၂၅ ရာခိုင်နှုန်း ဝင်ခွင့်ရရှိခဲ့သည်ကိုလည်း သိရှိရကြောင်း။

အလားတူ အဆင့်မြင့်သုတေသနများပြုလုပ်နိုင်ရေးနှင့်

စာမျက်နှာ ၃ ကော်လံ ၁ ❖

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရတနာပုံမြို့သစ်စီမံကိန်းရှိ Solar Panel စက်ရုံ၌ Crystalline Silicon Solar Module များ ထုတ်လုပ်နေမှုကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ယနေ့ ဖတ်စရာ၊ မှတ်စရာ သတင်း အညွှန်း

ကမ္ဘာ့အကြီးဆုံးလေစွမ်းအင်မှ ဓာတ်အားထုတ်လုပ်မှု တရုတ်၌ဆောင်ရွက်နေ

စာ-၅

"ဒီမိုကရေစီအစစ်အမှန်၊ ရွေးကောက်ပွဲတွင်အခြေခံ လွတ်လပ် မျှတ ဆောင်ရွက်ရန်" ဆောင်းပါး စာ-၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက် ပို့ဆောင်ရေးဆောင်ရွက်ချက် (နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်) စာ-၈



မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်)

ငှက်ဖျားရောဂါအန္တရာယ် သတိပြုဖွယ်

ယခုအခါ ကမ္ဘာတစ်ဝန်းငှက်ဖျားရောဂါကြောင့် သေဆုံးမှု နှစ်ဆနီးပါးတိုးလာသဖြင့် ထိန်းချုပ်ကာကွယ်မှုလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်လာကြရသည်။ ငှက်ဖျားရောဂါသည် ငှက်ဖျားရောဂါပိုး သယ်ဆောင်သော အနော့ဖလိစ် (Anopheles) ခြင်အကိုက်ခံရခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။

ငှက်ဖျားရောဂါပိုးသယ်ဆောင်သော အနော့ဖလိစ်ခြင်အကိုက်ခံရပါက တုပ်ကွေးရောဂါကဲ့သို့ ဖျားနာခြင်း၊ ချမ်းစိမ့်စိမ့်ဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားများ နာကျင်စေခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းလျှောဝမ်းပျက်ဖြစ်ခြင်းစသော လက္ခဏာရပ်များကို တွေ့ရတတ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၂၀၁၀ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း ငှက်ဖျားရောဂါကြောင့် သေဆုံးသူ ၆၅၅၀၀၀ ရှိလိမ့်မည်ဟု ခန့်မှန်းထားခဲ့သော်လည်း ၁ ဒသမ ၂၄ သန်းအထိရှိခဲ့ကြောင်း ငှက်ဖျားရောဂါဆိုင်ရာ သုတေသနအစီရင်ခံစာတစ်စောင်၌ ဖော်ပြထားသည်။

ယခုအခါ ငှက်ဖျားရောဂါပိုးများသည် အာတီမီစီနင်းဟုခေါ်သည့် ငှက်ဖျားဆေးများကို တစ်စတစ်စ ယဉ်ပါးလာကြောင်းတွေ့ရသဖြင့် ကမ္ဘာတစ်ဝန်းက စိုးရိမ်ပူပန်လာကြသည်။ အဆိုပါရောဂါသည် ကမ္ဘာ့လူသားများ၏ အသက်ဘေးအန္တရာယ်ကို ခြိမ်းခြောက်လာလျက်ရှိသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်များအနက် မြို့နယ် ၂၈၄ မြို့နယ်၌ ငှက်ဖျားရောဂါအမြစ်တွယ်လျက်ရှိသည်။ အထူးသဖြင့် ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများ၌ ဖြစ်ပွားလျက်ရှိသည်။

မြန်မာနိုင်ငံ၌ ငှက်ဖျားရောဂါပြဿနာ အဓိကကြုံတွေ့နေရသူများသည် ရွှေ့ပြောင်းလုပ်သားများ၊ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်သားများ၊ တောင်ယာလုပ်ကိုင်နေသူများ၊ တောနှင့်နီးပြီး အခြားလုပ်ငန်း လုပ်ကိုင်နေသူများဖြစ်ကြသည်။ မြန်မာနိုင်ငံ၌ ၂၀၁၀ခုနှစ် စာရင်းအရ ငှက်ဖျားရောဂါဖြစ်ပွားသူ ၆ ဒသမ ၅ သိန်းရှိပြီး သေဆုံးသူ ၇၈၈ ဦးရှိခဲ့ကြောင်း သိရသည်။

ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံ၌ ပြည်သူ့ကျန်းမာရေးပြဿနာဖြစ်လာသည့်အလျောက် တိုက်ဖျက်နှိမ်နင်းရေးကို အခြားသောအရှေ့တောင်အာရှနိုင်ငံများကဲ့သို့ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ တီမောလက်စ်တီနိုင်ငံတို့၌လည်း ငှက်ဖျားရောဂါထိန်းချုပ်ပပျောက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ဤကဲ့သို့ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအစီအမံများ အရှိန်တိုးမြှင့်ဆောင်ရွက်ကြရာတွင် ကာကွယ်ရေးနှင့်ကုသရေးသည် အဓိကဖြစ်သည်။ ကာကွယ်မှုအစီအမံများအရ ငှက်ဖျားရောဂါဖြစ်ပွားတတ်သောဒေသများသို့ ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခြင်း၊ ငှက်ဖျားရောဂါဆေးများ ဖြန့်ဖြူးပေးခြင်း၊ ငှက်ဖျားရောဂါပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းစသည်တို့ကို အခါမလပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ငှက်ဖျားရောဂါထိန်းချုပ်ကာကွယ်ရေးအတွက် သက်ဆိုင်ရာကအရှိန်အဟုန်မြှင့်တင်လုပ်ဆောင်နေချိန်တွင် ပြည်သူများအနေဖြင့်လည်း ငှက်ဖျားရောဂါပိုး ကူးစက်မှုမခံရရေးအတွက် သတိပြုကာကွယ်သင့်သည်။ အထူးသဖြင့် နယ်စပ်ဒေသများ၌ နေထိုင်ကြသူများ၊ တောတောင်များအနီး၌ နေထိုင်ကြသူများ ညအိပ်သည့်အခါ ခြင်ထောင်ဖြင့် အိပ်ရန်လိုအပ်သည်။

သို့ဖြစ်ရာ ကမ္ဘာ့ငှက်ဖျားရောဂါခေါင်းထောင်လာချိန်တွင် မြန်မာနိုင်ငံ၌ ငှက်ဖျားရောဂါထိန်းချုပ်ရေးအစီအမံများဖြစ်သည့်ကာကွယ်မှုနှင့် ကုသမှုတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေသကဲ့သို့ ပြည်သူများကလည်း ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်း နှိုးဆော်လိုက်ရပါသည်။ ။

ကန်ကြီးထောင့်မြို့နယ်၌ အထက(ခွဲ)ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ကန်ကြီးထောင့် ဖေဖော်ဝါရီ ၄

ကန်ကြီးထောင့်မြို့နယ် ကုလားကွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးသန်းချစ်က တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။ ဆက်လက်၍ ကျောင်းဆောင်သစ်အလှူရှင် ဦးဌေးဝင်းက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ငွေကျပ်သိန်း ၁၂၀ တန်ဖိုးရှိသော အလျားပေ ၆၀၊ အနံပေ ၃၀ တစ်ထပ်သွပ်မိုးကျောင်းဆောင်သစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်၊ မြို့နယ်ပညာရေးမှူးဦးသန်းချစ်၊ အလှူရှင်ဦးဌေးဝင်း၊ ကျောင်းအုပ်ဆရာမကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

တောင်ဥက္ကလာပမြို့နယ် (၇) ရပ်ကွက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၂၉ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ရဲသူရိန် အောင်ဇေယျာထွန်း ဦးဆောင်၍ မြို့နယ်အတွင်းရှိ သန္တေနှင့်အရန် မီးသတ်တပ်ဖွဲ့ဝင်များက တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးစဉ်။ (ဝ၂၃)

မြန်မာ့ရိုးရာလှည်းယဉ်ကြော့ပြိုင်ပွဲ ဂန့်ဂေါ၌ကျင်းပ

ဂန့်ဂေါ ဖေဖော်ဝါရီ ၄

မြန်မာ့ရိုးရာဓလေ့ လှည်းယဉ်ကြော့ပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲအပါအဝင် ပျော်ပွဲရွှင်ပွဲများကို မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မင်းရွာ ရွှေသီတာစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပစဉ်အတွင်း ဇန်နဝါရီ ၅ ရက်မှ ၈ ရက်အထိ ထည့်သွင်းကျင်းပခဲ့ပြီး ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက် ည ၇ နာရီက အဆိုပါပွဲတော် ဒို့ခေတ်ချစ်ညီကို ကဇာတ်ရုံ၌ ကျင်းပသည်။

လှည်းယဉ်ကြော့(အကြီးတန်း)ပြိုင်ပွဲတွင် မင်းရွာမှ ဦးဇော်မင်းနိုင်က ပထမဆုရရှိရာ ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်ကလည်းကောင်း၊ လှည်းယဉ်ကြော့ (အငယ်တန်း)ပြိုင်ပွဲတွင် ဂန့်ဂေါမြို့ စည်ပင်သာယာရပ်ကွက်မှ ဦးလွင်ဦးက ပထမဆုရရှိရာ စေတီတော် ဂေါပကအဖွဲ့ဝင် ဦးလှဆွေကလည်းကောင်း ဆုချီးမြှင့်ကြပြီး အားကစားပြိုင်ပွဲနှင့်ပျော်ပွဲရွှင်ပွဲတွင် ဆုရသူများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုချီးမြှင့်ကြကြောင်းသိရှိရသည်။ (၁၀၁)

ရေကြောင်းပညာရပ်ဆိုင်ရာ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာသင်္ဘောသား ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MYAN-SEA) ဖွင့်လှစ်သည့် (၂၃)ကြိမ်မြောက် Pre-Sea Deck Rating Training Course သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက်က သင်တန်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် သင်တန်းတာဝန်ခံဦးသိန်းတန်က သင်တန်းနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး အတွင်းရေးမှူး ဦးကျော်မြင့်ဦးက အမှာစကား ပြောကြားသည်။ ဆက်လက်၍ အတွင်းရေးမှူးက သင်တန်းသားများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီးနောက် သင်တန်းသားများ၏ ဆွေးနွေးချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ဖျာပုံ ဖေဖော်ဝါရီ ၄

ဖျာပုံမြို့နယ် ကျုံကူကျေးရွာအုပ်စု ကျုံကူတူးမြောင်းကျေးရွာ အမှတ်(၈၈) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဇန်နဝါရီ ၂၃ ရက်နံနက်က ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ လက်ထောက်ပညာရေးမှူးဦးဝေဇင်၊ ကျုံကူကျေးရွာအုပ်ချုပ်ရေးမှူးဦးခင်မောင်မြင့်၊ ကျောင်းအကျိုးတော်ဆောင်နာယက ဦးသောင်းညွန့် (မြို့နယ်သတင်းထောက်)နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးတို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ထို့နောက် ပညာရည်ချွန်ဆုရ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (ဝ၆၇)

ပြည်ထောင်စုနေ့အထိမ်းအမှတ် ကောလင်းမြို့နယ်၌ ဟောပြောပွဲကျင်းပ

ကောလင်း ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဟောပြောပွဲကို ဖေဖော်ဝါရီ ၃ရက် မွန်းလွဲ ၁ နာရီက ကောလင်းမြို့နယ် မင်းချမ်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင်ကျင်းပရာ ရှေ့ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်လင်းကအမှာစကားပြောကြားပြီး သတင်းထောက်စိုင်းလူမင်းက ပြည်ထောင်စုစိတ်ဓာတ်အကြောင်းကိုလည်းကောင်း၊ စာရေးဆရာသတင်းထောက် ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က နှစ်ကိုယ့် တစ်စိတ်၊ တစ်လှေတည်းစီးကြသော သွေးချင်းများအကြောင်းကို လည်းကောင်း ဟောပြောကြသည်။

ထို့နောက် စိုင်းလူမင်းနှင့် ဦးခင်မောင်ညိမ်း(မြန်ဂုဏ်)တို့က ဂျာနယ်များကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းကြကြောင်း သိရှိရသည်။ (ဝ၈၂)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

သုံးခွမြို့နယ်၌ ကွန်ပျူတာသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော သုံးခွမြို့နယ် ကျောင်းသစ်ကျောင်းတိုက် ကွန်ပျူတာသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က အမှာစကားပြောကြားပြီးနောက် ကွန်ပျူတာသင်တန်းအတွက် အလှူ ငွေကျပ် ၂၀၀၀၀ကို ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

ထို့နောက် ကျောင်းသစ်ကျောင်းတိုက်ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းသား ကျောင်းသူများအတွက် ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ဆပ်ပြာများကို ဆရာတော်ထံသို့ လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အသေးစားချေးငွေဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ ဈေးဆိုင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၅-၂-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၅	၁။	တရားတော်
၇:၂၀	၂။	မျိုးချစ်တပ်မတော်
၈:၀၀	၃။	မြဝတီရုပ်မြင်သံကြားသတင်း

နေ့လယ်ပိုင်း

၁၁:၁၀	၁။	မျိုးချစ်တပ်မတော်
၁၁:၂၀	၂။	ကာတွန်းအစီအစဉ် **ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ** (အပိုင်း-၂၈)
၁၁:၅၀	၃။	မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **ပြေးလမ်းအဆုံးမှာ**
၁၂:၅၅	၄။	စိုက်ပျိုးသုတ
၁၃:၂၀	၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောနှလုံးသား**(အပိုင်း- ၅၇)

ညပိုင်း

၄:၅၀	၁။	လျှပ်တစ်ပြက်
၅:၁၀	၂။	ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆:၀၀	၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၃၀	၄။	ဘဝကြေးမုံ **အပြာရောင်ချော်ရည်ပူမြစ်နှစ်စင်း** ကောင်းပြည့်၊မေ၊ချမ်းငြိမ်းနှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၆:၅၀	၅။	ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀	၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကွန်ဖူးဘုရင်ဘရုစ်လီ** (အပိုင်း-၂)
၈:၀၀	၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၈။	နိုင်ငံတကာသတင်း
	၉။	မိုးလေဝသသတင်း
	၁၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငှက်ကလေးရဲ့ကွန်းခိုရာ**(အပိုင်း-၇)
	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း**(အပိုင်း-၁၁၉)

စက်ချုပ်သင်တန်းဆင်းပွဲ လပွတ္တာ၌ကျင်းပ

လပွတ္တာ ဖေဖော်ဝါရီ ၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုအသင်းနှင့်ဒိန်းမတ်လူမှုရေးအဖွဲ့အစည်း(DRC)၊ လူမှုအသိပညာ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်မှုအသင်း (SVS) တို့ ပူးပေါင်းဖွင့်လှစ်သော အိမ်တွင်းမှု အသက်မွေးဝမ်းကျောင်းစက်ချုပ်သင်တန်း(၂/၂၀၁၁)ဆင်းပွဲကို ရွှေးနဒီခန်းမ၌ ဇန်နဝါရီ ၂၆ရက်ကကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည် အဖွင့်အမှာစကားပြောကြားပြီး လူမှုအသိပညာဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှုအသင်း (SVS) ဒါရိုက်တာ ဒေါ်ခင်သက်မော်နှင့် ဒိန်းမတ်လူမှုရေးအဖွဲ့အစည်း (DRC)မှ ဦးလင်းဇော်မင်းတို့က သင်တန်းဆင်းအမှာစကားပြောကြားကြသည်။

ချီးမြှင့်ပေး

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့်အပ်ချုပ်စက်နှင့် ဆက်စပ်ပစ္စည်းများပေးအပ်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အေး၊ လူမှုအသိပညာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှုအသင်း (SVS)မှ ဒါရိုက်တာ ဒေါ်ခင်သက်မေတို့က ဆုရရှိသူများအား ဆုများချီးမြှင့်ပေးကာ သင်တန်းသူ ၂၅ ဦးအား အပ်ချုပ်စက်နှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

အမှာစကားပြောကြား

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း နည်းပညာတက္ကသိုလ် (ရတနာပုံ ဆိုင်ဘာစီးတီး) အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း နည်းပညာတက္ကသိုလ် (ရတနာပုံ ဆိုင်ဘာစီးတီး) သင်တန်းဆောင်များ၌ ကြည့်ရှုစဉ်။

(သတင်းစဉ်)

❖ *ရှေ့ဖုံးမှ*

electronic learning hub တက္ကသိုလ်တစ်ခုဖြစ်လာစေရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်နေသည်ကိုလည်းမြင်တွေ့ရကြောင်း၊သုတေသနလုပ်ငန်းသည် အဖွဲ့အစည်းတစ်ရပ်အတွက် အလွန်အကျိုးများစေသည့် လုပ်ငန်းဖြစ်သည့်အပြင် သက်ဆိုင်ရာသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မိမိအဖွဲ့အစည်း၏ ရည်မှန်းချက်၊ ဦးတည်ချက်များရောက်ရှိသည်အထိ ထိန်းကျောင်းမောင်းနှင်သွားနိုင်မည်ဖြစ်သကဲ့သို့ တွဲဖက်သုတေသနလုပ်ငန်း ပညာရေးကသာ base ခိုင်မာသည့် ပညာရပ်အဖြစ် ဖော်ဆောင်ပေးနိုင်မည် ဖြစ်ကြောင်း။

ကျောင်းသား၊ ကျောင်းသူများသည် ဤတက္ကသိုလ်မှ သင်ကြားပေးလိုက်သည့် ပညာရပ်များဖြင့် အစိုးရဝန်ထမ်း၊ ပုဂ္ဂလိကဝန်ထမ်း၊ ကိုယ်ပိုင်လုပ်ငန်းစသည်ဖြင့် မည်သည့်လုပ်ငန်းအမျိုးအစားကို မည်သည့်နေရာတွင်မဆို ထိထိရောက်ရောက် အသုံးချနိုင်မည်ဆိုသည့် ယုံကြည်ချက်ဖြင့် ယခုကဲ့သို့ ဝင်ခွင့်စိစစ်မှုအဆင့်ဆင့်ကို ကျော်ဖြတ်ပြီး လာရောက်ပညာသင်ကြားကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများ၏ ယုံကြည်အားကိုးမှုပိုမိုရရှိစေရန် ဆရာ၊ ဆရာမများကိုယ်တိုင်ကလည်း မိမိတို့၏ ပညာအရည်အသွေးထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် ပညာသင်ကြားပေးရာတွင် နှုတ်တိုက်အလွတ်သင်ကြားခြင်းမျိုးထက် ကျောင်းသားဗဟိုပြု သင်ကြားမှုနည်းလမ်းဖြင့် သင်ကြားပေးရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ဤတက္ကသိုလ်မှ ၂၀၁၄-၁၅ ခုနှစ်တွင် အောင်မြင်လာမည့် ဘွဲ့ရကျောင်းသားများသည် ၂၀၁၅ ခုနှစ်တွင်ပေါ်ပေါက်လာမည့် ASEAN Community အတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိသူများဖြစ်လာစေရေး ရည်ရွယ်သင်ကြားပေးရန် လိုအပ်ကြောင်း။

ဆရာ၊ ဆရာမများကိုယ်တိုင် ပညာခေတ်၏ ပြောင်းလဲနေသည့် အခြေအနေများကို ပြည့်ပြည့်စုံစုံသိမြင်ပြီး ကိုယ်တိုင်လိုက်ပါပြောင်းလဲနိုင်မှသာ အာဆီယံဒေသအတွင်း၊ အာရှဒေသအတွင်း ဝင်ဆံ့ရှင်သန်နိုင်မည့် ပညာရှင်များဖြစ်မည်ဖြစ်ကြောင်း၊ ယနေ့သိရှိထားသည့်ပညာသည် မနက်ဖြန်ခေတ်နောက်ကျသွားနိုင်သည်ကို အထူးသတိပြုစေလိုကြောင်း၊ နိုင်ငံတကာပညာဝန်းကျင်ဖြင့် ချိတ်ဆက်နိုင်သမျှ ချိတ်ဆက်ထားနိုင်မှသာ ခေတ်မီပညာရှင်များဖြစ်နေမည်ဖြစ်ကြောင်း၊ တက္ကသိုလ်အဆင့် သင်ကြားမှုများသည် သာမန်အိမ်တွင်းစက်မှုလုပ်ငန်းငယ်များအတွက် ဦးတည်သင်ကြားနေလျှင် ဒေသအတွင်း ဝင်ဆံ့နိုင်မည့် ပညာအရည်အသွေးမျိုး ရရှိနိုင်မည်မဟုတ်ကြောင်း။

ယခုအခါ မိမိတို့နိုင်ငံ၏ အနာဂတ်စီးပွားရေးအလားအလာကို Natural Resources Economy မှ Knowledge Based Economy အဖြစ် ပြောင်းလဲနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ယနေ့ကာလတွင် လူ့စွမ်းအားအရင်းအမြစ်နှင့် နည်းပညာသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အဓိကဆက်စပ်နေပြီဖြစ်ကြောင်း၊မိမိတို့နိုင်ငံကဲ့သို့ သဘာဝသယံဇာတအရင်းအမြစ်ကြွယ်ဝသည့် နိုင်ငံအနေဖြင့် သဘာဝသယံဇာတ၊ လူ့စွမ်းအား အရင်းအမြစ်နှင့် နည်းပညာများနှင့် စနစ်တကျပေါင်းစပ်နိုင်ပါက ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုအဖြစ် လျင်မြန်စွာရောက်ရှိလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် အရည်အသွေးမီ၊ အဆင့်မီနည်းပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေး၊ နိုင်ငံအတွင်း ICT နည်းပညာများ ထိရောက်တွင်ကျယ်စွာ အသုံးချနိုင်ရေးတို့အတွက် တွန်းအားရော ဆွဲအားပါ ပေးစွမ်းနိုင်သည့် နည်းပညာတက္ကသိုလ်ကြီးတစ်ခုအဖြစ် အားကိုးအားထားပြုနိုင်ရေးအတွက် ဆရာ၊ ဆရာမများကရော ကျောင်းသား၊ ကျောင်းသူများကပါ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တက္ကသိုလ်အတွက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အားကစား ပစ္စည်းများ၊ရွှေသံလွင်ကုမ္ပဏီလီမိတက်က Sky Net ရုပ်သံဖမ်းစက် နှစ်စုံနှင့် IGE ကုမ္ပဏီဥက္ကဋ္ဌ ဦးနေအောင်၊ နယူးစတားလိုက်ကုမ္ပဏီမှ ဦးကျော်ကျော်ဝင်း၊ ရွှေတောင်ကုမ္ပဏီမှဦးအောင်ဇော်နိုင်၊ရွှေသံလွင်ကုမ္ပဏီမှ ဦးအောင်မင်းသိန်း၊ အေးရှားဝေါလ်ကုမ္ပဏီမှ ဦးမြတ်ချိုဝင်း၊ သော်တာဝင်းကုမ္ပဏီမှ ဦးနေဝင်းကျော်နှင့် အေးအေးခိုင်ကုမ္ပဏီမှ ဦးစိုးနိုင်တို့က ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတသည် သင်တန်းဆောင်များရှိ Computer Server ခန်း၊ Software Development Room၊English Language Lab၊ e-Library နှင့် Computer Lab တို့ကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ဆက်လက်၍ တက္ကသိုလ်ပင်မသုံးထပ်ဆောင်ဆောက်လုပ်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)ကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်နည်းပညာများအား ကျွမ်းကျင်တတ်မြောက်သည့် အင်ဂျင်နီယာပညာရှင်များနှင့် သုတေသနပညာရှင်များ မွေးထုတ်ပေးရန်၊ အဆင့်မြင့်သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် သုတေသနနှင့် ချိတ်ဆက်သင်ကြား တတ်မြောက်စေမည့် နိုင်ငံတကာအဆင့်မီ နည်းပညာတက္ကသိုလ်တည်ထောင်ရန်၊ ယနေ့မျက်မှောက်ခေတ်တွင် အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးနိုင်ငံမှ ခေတ်မီစက်မှုနိုင်ငံအဖြစ် ထူထောင်ရာတွင် အထောက်အကူပြုမည့် အင်ဂျင်နီယာကောင်းများ မွေးထုတ်ပေးရန်နှင့် Cyber University အဖြစ် အကောင်အထည်ဖော်၍ နည်းပညာဆိုင်ရာအဆင့်မြင့်သင်ကြားရေးနှင့် သုတေသနဆိုင်ရာ စာပေများကို နိုင်ငံတကာနှင့်ချိတ်ဆက်၍ ပြည်တွင်းတက္ကသိုလ်များသို့ ဖြန့်ဝေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ၂၀၁၀ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

တက္ကသိုလ်တွင် အဓိကဘာသာရပ်များအဖြစ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (Information and Communication Technology, ICT)၊ အီလက်ထရွန်နစ်အင်ဂျင်နီယာ (Electronic Engineering, EC)၊ အဆင့်မြင့်ဒြပ်ပစ္စည်း အင်ဂျင်နီယာ (Advanced Materials Engineering, AME)နှင့် တိကျစက်ပစ္စည်းထုတ်လုပ်မှုအင်ဂျင်နီယာ (Precision Engineering,PrE)တို့ကို သင်ကြားပေးလျက်ရှိသည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ပါရဂူဘွဲ့သင်တန်းသား ၇၆ ဦး၊ ပထမနှစ်အင်ဂျင်နီယာ သင်တန်းသား ၁၀၁၄ ဦးနှင့် ဒုတိယနှစ်အင်ဂျင်နီယာသင်တန်းသား ၆၅၈ ဦး စုစုပေါင်း ၁၇၄၈ ဦးတို့ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)သည် ASEAN - Korea Cyber University တည်ထောင်ရာတွင် *စာမျက်နှာ ၄ ကော်လံ ၁ သို့*

နည်းပညာတက္ကသိုလ် (ရတနာပုံ ဆိုင်ဘာစီးတီး) အတွက် IGE ကုမ္ပဏီ ဥက္ကဋ္ဌ ဦးနေအောင်၊ နယူးစတားလိုက် ကုမ္ပဏီမှ ဦးကျော်ကျော်ဝင်း၊ ရွှေတောင်ကုမ္ပဏီမှ ဦးအောင်ဇော်နိုင်၊ ရွှေသံလွင်ကုမ္ပဏီမှ ဦးအောင်မင်းသိန်း၊ အေးရှားဝေါလ် ကုမ္ပဏီမှ ဦးမြတ်ချိုဝင်း၊ သော်တာဝင်း ကုမ္ပဏီမှ ဦးနေဝင်းကျော်နှင့် အေးအေးခိုင်ကုမ္ပဏီမှ ဦးစိုးနိုင်တို့က အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ပြင်ဦးလွင်မြို့နယ်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ပါဝင်ဆောင်ရွက်မည့် တက္ကသိုလ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံခြား တက္ကသိုလ်များနှင့် ချိတ်ဆက်သင်ကြားမည့် တက္ကသိုလ်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်စီမံကိန်းရှိ ရတနာပုံတယ်လီပို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတအား အစည်းအဝေးခန်းမ၌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ရတနာပုံမြို့သစ်စီမံကိန်း ဆောင်ရွက်ထားမှုအခြေအနေနှင့် မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်က ရတနာပုံမြို့သစ်(မြောက်ပိုင်း)ကိုယ်ပိုင်အိမ်ရာစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရတနာပုံတယ်လီပို့တွင် လုပ်ငန်းဆောင်ရွက်နေကြသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းပြီး လွန်ခဲ့သည့် (၂)နှစ်၊ (၃)နှစ်ခန့်ကပင် ICT မြို့အဖြစ် ရည်မှန်း၍ စတင်ထူထောင်ခဲ့သည့် ရတနာပုံမြို့သစ်သည် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာခြင်းမရှိဘဲ ရပ်တန့်နေခြင်းအား အဖြေရှာရန်ဆိုသည့်ရည်ရွယ်ချက်ဖြင့် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုတင်ပြချက်များအပေါ် နိုင်ငံတော်အစိုးရက တတ်စွမ်းသမျှ နည်းလမ်းရှာ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဖြေလျှော့နိုင်သည်များကိုလည်း ဖြေလျှော့ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီးအနေဖြင့် မူဆယ်မြို့ အနီးတွင် စက်မှုဇုန်တစ်ခုတည်ထောင်ရန် လမ်းညွှန်ထားပြီးဖြစ်ကြောင်း၊ ICT လုပ်ငန်းများအား မူဆယ်မြို့နှင့် ရတနာပုံမြို့သစ် ဆက်စပ်ဆောင်ရွက်နိုင်ရေး ကြိုတင်စဉ်းစားထားကြရန်လိုကြောင်း၊ CMP လက်ခစားလုပ်ငန်းများသည် နိုင်ငံတော်အတွက် များစွာအကျိုးအမြတ် မရှိစေကာမူ ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိစေသော လုပ်ငန်းဖြစ်၍ နိုင်ငံတော်က အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း နိုင်ငံတော်ကဖန်တီးပေးထားသည့်အခြေအနေကောင်းများကို အလဟဿမဖြစ်စေရန် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုအပြင် ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုပါ ရရှိရေး ကြိုးပမ်းဆောင်ရွက်စေလိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်၏ မီဒီယာနှင့်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နေသည့် Yatanarpon Web Portal Data Center၊ အင်တာနက်လိုင်းတွင် ရုပ်သံအစီအစဉ်များထည့်သွင်း ထုတ်လွှင့်ပေးသည့် IPTV Room၊အင်တာနက်မှတစ်ဆင့်တယ်လီဖုန်းဆက်သွယ်မှုရရှိရန် ဆောင်ရွက်ပေးသည့် Switch Room၊ ပင်မအင်တာနက်လိုင်းထုတ်လွှင့်ပေးသည့် ISP Data Center နှင့် Network Operation Center တို့ကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် Soft Based Factories Area တွင် စက်ရုံတည်ဆောက်လျက်ရှိသော ပုဂ္ဂလိကကုမ္ပဏီများ၏ ဝန်ထမ်းများ နေထိုင်ရေးအတွက် အဆောက်အအုံဆောက်လုပ်မည့် မြေနေရာအား ရှုရပ်မှကြည့်ရှုစစ်ဆေးရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးက မြေနေရာနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရတနာပုံမြို့သစ်ရှိ Yatanarpon Fiber Optical Factory တွင် ဖိုင်ဘာကြိုးများ ထုတ်လုပ်နေမှု၊ Elite-Tech Manufacturing စက်ရုံတွင် စီဒီအမ်ေအ-၄၅၀၊ စီဒီအမ်ေအ-၈၀၀၊ ဂျီအက်စ်အမ် မိုဘိုင်းတယ်လီဖုန်းများနှင့် Y-talk (VoIP Recharge) တို့အတွက် တစ်နိုင်ငံလုံးသို့ ဖြန့်ချိနေသည့် Prepaid Top-up ကတ်များထုတ်လုပ်နေမှု၊ Solar Panel စက်ရုံတွင် Crystalline Silicon Solar Module များထုတ်လုပ်နေမှုနှင့် Asia Mega Link Training Center တွင် သင်တန်းများပို့ချနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ပြင်ဦးလွင်မြို့နယ်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်က ဦးစီးဌာန၏ သုတေသနလုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက တိုင်းရင်းဆေးပညာကိုအသုံးပြုပြီး လွန်ခဲ့သည့် ရာစုနှစ်ပေါင်းများစွာကတည်းက လူထုလူတန်းစားအသီးသီးတို့၏ ကျန်းမာရေးစောင့်ရှောက်မှုပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ ရှေးဘုရင်မင်းမြတ်ခေတ်မတိုင်ခင်ကရောဘုရင့်ခေတ်ကပါ experience based knowledge ဖြင့် စောင့်ရှောက်ပြုစု ကုသခဲ့ခြင်းဖြစ်ပြီး သုတေသနပြုမှု မရှိသလောက် အားနည်းခဲ့ပါကြောင်း၊ သူလည်း သူ့အတွေ့အကြုံ၊ ကိုယ်လည်းကိုယ့်အတွေ့အကြုံစသည့် experience အမျိုးမျိုးကို အခြေခံသည့် ကုသမှုမျိုးသာရှိခဲ့သဖြင့် တချို့နေရာတွင် တိကျနိုင်မှုမရှိသော ကုထုံးလုပ်ဆောင်ချက်များကို တွေ့ရမည်ဖြစ်ပါကြောင်း။

experience based knowledge ကုထုံးများသည် ယခင်ခေတ်က ထင်ရှားကျော်ကြားခဲ့သော်လည်း ကိုယ်ပိုင်ပညာဆန်သော၊ ပုဂ္ဂလိကပိုင်ဆိုင်မှုဆန်သော knowledge ဖြစ်ပြီး အခွင့်မရက မျှဝေသုံးစွဲရန် အခွင့်အရေးမရှိသကဲ့သို့ ဖြစ်သည့်အတွက် ယခုခေတ်တွင်အသုံးပြုသူများ၊ စားသုံးသူများ၏ ယုံကြည်ကိုးစားမှုကို အတိုင်းအတာတစ်ခုအထိ လက်လွှတ်ဆုံးရှုံးခဲ့ရခြင်းဖြစ်ပါကြောင်း။

သိပ္ပံနည်းကျ evidience based ပညာများသည်သာ ရေရှည်ယုံကြည်အားထားမှုရရှိမည်ဖြစ်ပြီး နောက်မျိုးဆက်သစ်များအတွက်လည်း လက်ဆင့်ကမ်းပေးနိုင်ရန် အမှားအမှန် အဝေဖန်ခံနိုင်ရည်ရှိမည် ဖြစ်ပါကြောင်း၊ သို့သော် တချို့တိုင်းရင်းဆေးသမားတော်များသည်ပင်လျှင် evidience based ကို အားမသန်ကြဘဲ experience based ကိုသာ ဆက်လက်လက်ခံသွားလိုသူများလည်းရှိသည်ကို တွေ့ရသည့်အတွက် နှစ်ဖက်ကြား လွန်ဆွဲအားပြိုင်မှုကဲ့သို့ ဖြစ်နေသည်ကိုတွေ့ရပါကြောင်း။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပြင်ဦးလွင်မြို့နယ်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)မှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သောက်သုံးရန်အတွက် လိုအပ်သည့်ဆေးတစ်ဖုံကို ဆေးအမယ်ပေါင်း ငါးမျိုးမှ ၁၀ မျိုး-၂၀မျိုးပါဝင်တတ်ခြင်း၊ အနံ့အသက်အရသာပြင်းထန်မှုကြောင့် သောက်ရ ခက်ခြင်း၊ ပါဝင်သောဆေးအမယ်ပေါင်းများသည့်အတွက် ဘေးထွက်ဆိုးကျိုး ပို၍များနိုင်ခြင်း၊ သောက်ရမည့်ဆေးအလေးချိန် မတိကျခြင်းစသည်တို့ကြောင့် စားသုံးသူလူထုလက်ခံနိုင်ရန် အားနည်းလာခြင်းလည်းပါဝင်ပါကြောင်း၊ ထို့အပြင် နောက်မျိုးဆက်သစ်အား လက်ဆင့်ကမ်းသင်ပေးနိုင်ရန် အထောက်အကူပြုနိုင်မှုလည်း အားနည်းမည်ဖြစ်ပါကြောင်း။

မည်သို့ပင်အငြင်းပွားနေကြပါစေ မြန်မာ့တိုင်းရင်းဆေး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူလူထုများ၏ ထောက်ခံအားပေးမှုကိုရယူလိုပါက အနောက်တိုင်းဆေးပညာနှင့် ဆက်နွှယ်ပေါင်းစပ်ပြီး သိပ္ပံနည်းကျသုတေသနလုပ်ငန်းအကူအညီဖြင့် အမှန်အကန်ဆောင်ရွက်သွားနိုင်မှသာလျှင် ကမ္ဘာကလက်ခံသော ဆေးပညာတစ်ရပ် ဖြစ်လာမည်ဖြစ်ပါကြောင်း။

သုတေသနလုပ်ငန်းဆိုသည်မှာ ငွေကုန်ကြေးကျများပြားသော်လည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေရသည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း သုတေသနလုပ်ငန်းပေါ်တွင် အခြေခံထားပါကြောင်း၊ တိုးတက်သောနိုင်ငံများ၌ သုတေသနလုပ်ငန်းများကို နယ်ပယ်စုံကဏ္ဍစုံ ငွေကုန်ကြေးကျခံ ဆောင်ရွက်ကြသည်ပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အားပေးဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးသုတေသနလုပ်ငန်းသည်လည်း အသက်နှင့်ဆက်စပ်သည့်လုပ်ငန်းဖြစ်သည့်အားလျော်စွာ ပို၍တိကျမှန်ကန်သည်ထက် မှန်ကန်စေရန် လုပ်ဆောင်သွားရန်လိုအပ်ပါကြောင်း။

ထို့ကြောင့် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)၏ လုပ်ငန်းများ အောင်မြင်သင့်သလောက် အောင်မြင်နေသည်ကို တွေ့ရသည့်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါဟု ပြောကြားသည်။

ယင်းနောက် ရွှေသံလွင်ကုမ္ပဏီလီမိတက်က Sky Net ရုပ်သံဖမ်းစက် နှစ်စုံနှင့် လုပ်ငန်းရှင်များက အလှူငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတက ဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ဦးစီးဌာနရှိ အီလက်ထရွန်နစ် စာကြည့်တိုက်၊ ဇီဝဆေးပညာစာကြည့်တိုက်၊ သုတေသနလုပ်ငန်း ဆောင်ရွက်ချက်မှတ်တမ်းများနှင့် ကပ်ပါးပိုးဗေဒဌာနခွဲ၏ ငှက်ဖျားပိုးသုတေသနဓာတ်ခွဲခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။ **(သတင်းစဉ်)**

တစ်ပြည်လုံးသာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၄

ယနေ့နံနက် ၉နာရီခွဲမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ရုပ်မြင်သံကြား

၅-၂-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၀ ၂။ နံနက်ခင်းသတင်း
၈:၂၅ ၃။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၄။ International News
၈:၄၅ ၅။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁:၁၀ ၁။ တေးဂီတအစီအစဉ်
၁၁:၂၀ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၀ ၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက်ဘတ်ဂျောင်ဝွန်း** (အပိုင်း-၄၇)
၁၂:၃၀ ၄။ မြန်မာရုပ်ရှင် **မိုးကုပ်စက်ဝိုင်းကို ကျော်လွန်၍** လွင်မိုး၊ အောင်လွင်၊ ထွန်းအိန္ဒြာဗို၊ခိုင်သင်းကြည်၊ မြတ်ကေသီအောင် (ဒါရိုက်တာ-ဦးတင်ယု)
၁၄:၅၀ ၉။ International News

ညပိုင်း

၄:၁၀ ၁။ တေးဂီတအစီအစဉ်
၄:၃၀ ၂။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရသစာပေ အရေးအသားအထူးပြု) (ရသစာပေအရေးအသား)
၄:၅၀ ၃။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၆:၀၀ ၄။ ညနေခင်းသတင်း
၆:၁၅ ၅။ မိုးလေဝသအခြေအနေ
၆:၃၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ချိုချိုကြင်နာပို** (အပိုင်း-၁၁)
၇:၄၅ ၇။ **ဧရာဝတီအတွက် နောက်ထပ်တံတားတစ်စင်း** (အပိုင်း-၂)
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ** (အပိုင်း-၁၂)

မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ ၄-၂-၂၀၁၂

Desktop နှင့် Laptop များအတွက် အခြေခံသိသင့်စရာများ စာအုပ်ထုတ်ဝေ

စာရေးဆရာ သန်းထိုက် (ရွှေရိပ်) ပြုစုရေးသားသော Desktop နှင့် Laptop များအတွက် အခြေခံသိသင့်စရာများ စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် ကွန်ပျူတာတစ်လုံး အကြောင်း အသေးစိတ်ရှင်းပြမှုများနှင့် နည်းပညာအသစ်အဆန်းများအကြောင်းကို ဖော်ပြထားသည်။ ကွန်ပျူတာတစ်လုံးတွင်ပါဝင်သော Hardware များကို Desktop နှင့် Laptop များအဖြစ် အုပ်စုခွဲကာ လိုတိုရှင်း ရှင်းပြထားပြီး Windows OS နှင့် အခြားသောအသုံးများ၊ Virusလုံခြုံရေးနှင့် Backup System များ၊ ကွန်ပျူတာ ပိုင်ဆိုင်ထားသူတိုင်း ကြုံတွေ့တတ်သော ပြဿနာများကိုလည်းထည့်သွင်းရှင်းပြထားသည်။ အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ် ၃၉ လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ ဖြန့်ချိထားကြောင်းသိရှိရသည်။

ဟံသာဝတီကို စိန်ခေါ်သူများ စာအုပ်ထုတ်ဝေဖြန့်ချိ



စာရေးဆရာကောင်းထက်ရေးသားသော သမိုင်းနောက်ခံ ရသဝတ္ထုဖြစ်သည်။ ယခုခေတ်တွင် ဖတ်ရခဲသော ဝတ္ထုမျိုးပင် တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့၏ မိမိသစ္စာခံသော နိုင်ငံအတွက်၊ လူမျိုးအတွက် အသက်စွန့်တိုက်ပွဲဝင်ကြပုံ၊ ထိုသူရဲကောင်းနှစ်ဦး၏ သူရဲကောင်း စိတ်ဓာတ်ထားရှိ မွေးမြူပုံတို့ကို အချစ်ဇာတ်လမ်းကို နောက်ခံလျက် ရေးဖွဲ့ထားသည်မှာ စာဖတ်သူတို့အတွက်စွဲမက်စရာပင်ဖြစ်သည်။ သမိုင်းနောက်ခံရသဝတ္ထုကို ကြိုက်နှစ်သက်သူတို့အဖို့ ဖတ်သင့်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။ ထိုစာအုပ်ကို မိုးကျော်သူစာပေ၊ ဖုန်း-၃၈၄၂၁၉ မှ တန်ဖိုး ငွေကျပ်၂၀၀၀ဖြင့် တစ်နိုင်ငံလုံးသို့ ဖြန့်ချိထားကြောင်း သိရှိရသည်။

မျက်မှောက်ကမ္ဘာ့နိုင်ငံရေးပလေယာများပုံရိပ်စာအုပ်ထုတ်ဝေ

စာရေးဆရာ မောင်ပုဆိုးကြမ်းရေးသားသည့် မျက်မှောက်ကမ္ဘာ့နိုင်ငံရေးပလေယာများ ပုံရိပ်စာအုပ် ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါ စာအုပ်တွင် ဂျာနယ်အချို့၌စာရေးသူရေးသားခဲ့သော ကမ္ဘာ့၌ ထင်ရှားသည့် သမ္မတ ၁၃ ဦး၊ဒုတိယသမ္မတတစ်ဦး၊ ဝန်ကြီးချုပ် ၁၁ ဦး၊ နိုင်ငံခြားရေးဝန်ကြီးတစ်ဦးတို့၏ လွန်ခဲ့သော တစ်နှစ်အတွင်း ဆောင်ရွက်ချက်များနှင့်ကမ္ဘာ့နိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုများအပေါ် ၎င်းတို့၏ ရင်ဆိုင်ဖြေရှင်းခဲ့ရပုံဆောင်းပါးများကို စုစည်းဖော်ပြထားသည်။

အဆိုပါ စာအုပ်ကို စိုးစံစာပေ၊ အမှတ် ၄၆ (ပထမထပ်) သမ္မာဒိဋ္ဌိလမ်း ကျောက်မြောင်း တာမွေ ဖုန်း-၀၁-၅၄၆၁၅၀ မှ ငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

အမေရိကန်အဲယားလိုင်း အလုပ်သမား ၁၃၀၀၀ လျှော့ရန်စီစဉ်

ဒါးလက် ဖေဖော်ဝါရီ ၄

အမေရိကန်နိုင်ငံ၏တတိယအကြီးဆုံးလေကြောင်းပို့ဆောင်ရေးလုပ်ငန်းဖြစ်သည့် အမေရိကန်အဲယားလိုင်းက ကြွေးမြီကင်းစင်ရေးအတွက် ကုန်ကျစရိတ်များ သိသိသာသာလျှော့ချဖြတ်တောက်ရန် အလုပ်သမား ၁၃၀၀၀ နီးပါးကို လျှော့ချမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၃ ရက်က အင်တာနက်သတင်းတွင်ဖော်ပြသည်။ (ဝဲပုံ)

ဆွေးနွေးမည်

ကုန်ကျစရိတ်စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းဖြတ်တောက်ရန်ရည်ရွယ်သည့် အလုပ်သမားများအား အလုပ်လျှော့ချရေးအစီအစဉ်များကို အမေရိကန်အဲယားလိုင်းထိပ်တန်းအရာရှိများ၊ အလုပ်သမားသမဂ္ဂကိုယ်စားလှယ်များနှင့်တွေ့ဆုံကာ အသေးစိတ်ဆွေးနွေးကြမည်ဖြစ်သည်။

အလုပ်သမားများ ယင်းသို့လျှော့ချခြင်းဖြင့် အမေရိကန်အဲယားလိုင်း၏ စုစုပေါင်းကုန်ကျစရိတ်တွင် ၂၀ ရာခိုင်နှုန်းလျှော့နည်းကျဆင်းသွားမည်ဖြစ်သည်ဟု ယင်းသတင်းတွင် ထပ်မံဖော်ပြသည်။ **(အင်တာနက်)**

ဥရောပတစ်ဝန်းအအေးလွန်ကဲမှု သေဆုံးသူပေါင်း ၂၁၈ ဦးရှိပြီဖြစ်

ကီယက်ဗ် ဖေဖော်ဝါရီ ၄

ဥရောပဆောင်းရာသီ ပိုမိုအအေးလွန်ကဲမည်ဟု ကြိုတင်ခန့်မှန်းထားသည်ထက် ပိုမိုအအေးလွန်ကဲမှုကြောင့် ယခုအခါ ဥရောပတိုက်တစ်ဝန်းသေဆုံးရသူပေါင်း ၂၁၈ ဦးအထိရှိသွားပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၃ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(အောက်ပုံ)**

သေဆုံးရ

ဥရောပတိုက်အတွင်းအပူချိန်များ စံချိန်တင်ထိုးကျသွားပြီး အအေးလွန်ကဲမှုမှာ ရက်သတ္တပတ်ကြာ ဆက်လက်ဖြစ်ပေါ်နေသဖြင့် သေဆုံးသူဦးရေ ပိုလာရခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံတွင်လည်း အရေးပေါ်ကိစ္စများဆိုင်ရာ ဝန်ကြီးဌာနစာရင်းများအရ ရာသီဥတုအအေးလွန်ကဲမှုကြောင့် သေဆုံးသူပေါင်း ၁၂၂ ဦး ရှိသွားပြီဟုသိရကြောင်း သတင်းတွင်ဖော်ပြပါရှိသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

ပါကစ္စတန်အနောက်မြောက်ပိုင်း အမျိုးသမီးစာသင်ကျောင်း ဖောက်ခွဲဖျက်ဆီးခံရ

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၄

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းမှ နိုင်ငံပိုင်အမျိုးသမီးစာသင်ကျောင်းတစ်ကျောင်းကို အမည်မသိသူများက ဖျက်ဆီးပစ်လိုက်ကြောင်း၊ လူတစ်ဦး ပြင်းထန်စွာဒဏ်ရာရရှိသွားကြောင်း ဖေဖော်ဝါရီ ၃ ရက်က အင်တာနက်သတင်းတွင်ဖော်ပြပါရှိသည်။

ဖောက်ခွဲဖျက်ဆီး

အစ္စလမ္မာဘတ်မြို့တော်တောင်ဘက် ကီလိုမီတာ ၃၉၀ ခန့်အကွာ ခိုင်ဘာပထန်ဂွါပြည်နယ် ဒီရာအစ္စမေးခန်ခရိုင် ဂိုလာဆေယာဒန်ဒေသရှိ အမျိုးသမီးစာသင်ကျောင်းကို ဖေဖော်ဝါရီ ၃ ရက် နံနက်စောစောပိုင်းက အကြမ်းဖက်သမားများက ဖောက်ခွဲရေးပစ္စည်းများဖြင့် ဖောက်ခွဲဖျက်ဆီးပစ်လိုက်ခြင်းဖြစ်သည်။

စာသင်ကျောင်းကို ဖောက်ခွဲဖြိုဖျက်ရာ၌ ဒဏ်ရာပြင်းထန်စွာရရှိသွားသူမှာ ကျောင်းစောင့်ကြီးတစ်ဦးဖြစ်မည်ဟုယူဆရကြောင်း ဒေသခံတာဝန်ရှိသူများက ခန့်မှန်းပြောကြားကြသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

ကမ္ဘာ့အကြီးဆုံးလေစွမ်းအင်မှ ဓာတ်အားထုတ်လုပ်မှု တရုတ်၌ဆောင်ရွက်နေ

မိုးမြင့်လင်းလက် - စုစည်းသည်

ပေကျင်း ဖေဖော်ဝါရီ ၄

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ကမ်းလွန်တွင် ၆ မဂ္ဂါဝပ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မည့် ကမ္ဘာ့အကြီးမားဆုံးလေစွမ်းအင်မှဓာတ်အားထုတ်လုပ်မှု စီမံကိန်းကို ဖေဖော်ဝါရီ ၃ ရက်မှစတင်ကာ အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း တရုတ်အရာရှိများက ဖေဖော်ဝါရီ ၄ ရက်၌ သတင်းထုတ်ပြန်သည်။

စီစဉ်

ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့်လေများဖြင့် ဒလက်များကို လည်ပတ်စေကာ လေတာဘိုင်များမှတစ်ဆင့် ဓာတ်အားထုတ်ယူခြင်းဖြစ်သည်။ ယင်းကို ရှန်ဟိုင်းမြို့ ကမ်းလွန်လန်ဂန်ပင်လယ်ပြင်တွင် လေဒလက် ၁၇ ခုဖြင့် ဓာတ်အား ၆ မဂ္ဂါဝပ်ထုတ်ယူနိုင်ရန် စီစဉ်ခြင်းဖြစ်သည်။

လေစွမ်းအင်မှ ဓာတ်အား ၆ မဂ္ဂါဝပ်ထုတ်ယူနိုင်ခြင်းမှာ ကမ္ဘာပေါ်တွင် အကြီးမားဆုံးဖြစ်သည်။ ထို့အတူ တရုတ်နိုင်ငံကျန်စုပြည်နယ် အရှေ့ပိုင်းရှီယန်စီရင်စုတွင်လည်း အာရှ၌အကြီးဆုံးလေစွမ်းအင်မှ ဓာတ်အားထုတ်ယူနိုင်ရေးကြိုးပမ်းလျက်ရှိသည်။ (ဝဲပုံ)

ယခုလေစွမ်းအင်မှ ဓာတ်အားထုတ်ယူမှုစီမံကိန်းမှာ လန်ဂန်ကုမ္ပဏီအတွက် ဒုတိယမြောက်ဖြစ်ပြီး ငွေကြေးရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၂၇၉ သန်းခန့်ဖြစ်ရာ လာမည့် ၂၀၁၄ ခုနှစ်၌ တည်ဆောက်မှုလုပ်ငန်းပြီးစီးမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် လေစွမ်းအင်မှ ဓာတ်အား မဂ္ဂါဝပ် ၇၅၀ အထိ ထုတ်ယူရရှိရန်ကြိုးစားလျက်ရှိသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

နီပေါနိုင်ငံသားတစ်ဦး ကမ္ဘာ့အရပ်အပုဆုံးဖြစ်လာနိုင်

ဂင်းနက်စ်မှတ်တမ်းအဖွဲ့ ထုတ်ဖော်ပြောကြား



ခတ္တမန္ဒူ ဖေဖော်ဝါရီ ၄

နီပေါနိုင်ငံသားတစ်ဦးအား ကမ္ဘာ့အရပ်အပုဆုံးအဖြစ် သတ်မှတ်အတည်ပြုနိုင်ရေးအလို့ငှာ ဂင်းနက်စ်ကမ္ဘာ့စံချိန်မှတ်တမ်းမှ ပညာရှင်တစ်စုသည် နီပေါနိုင်ငံသို့ ခရီးထွက်ခွာပြီဖြစ်သည်။

အသက် ၇၂ နှစ်ရှိပြီဖြစ်သည့် နီပေါအမျိုးသား ချန်ဒရာဘဟာဒွါဒါနိုင်း၏အရပ်အမြင့်သည် ၂၂ လက်မသာရှိပြီး ကိုယ်အလေးချိန်အားဖြင့်လည်း (ကျောက်ခဲနှစ်ခဲစာ) ၂၆ ပေါင်အောက်သာ ရှိသူဖြစ်သည်။ (ယာပုံ)

ဂင်းနက်စ်စံချိန်မှတ်တမ်းတွင် ကမ္ဘာ့အရပ်အပုဆုံး အမျိုးသားအဖြစ် စံပြုဖော်ပြထားသူမှာ လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံသား ဂျန်ရေးဘာလာဝန်ဆိုသူ အမျိုးသားတစ်ဦးဖြစ်သည်။ ဂင်းနက်စ်မှတ်တမ်း စံချိန်တင်ထားသူ အရပ်အပုဆုံးအမျိုးသား ဂျန်ရေး၏ အရပ်အမြင့်မှာ ၂၃ ဒသမ ၅ လက်မရှိသည်။

၂၀၁၀ ခုနှစ်က ဂင်းနက်စ်ကမ္ဘာ့အရပ်အပုဆုံးအဖြစ် သတ်မှတ်ဖော်ပြထားသူမှာ နီပေါနိုင်ငံသား အရပ်အမြင့် ၂၆ ဒသမ ၄ လက်မ ရှိသူ ခါဂျန်ဒရာတာပါးမာဂါဆိုသူဖြစ်ပြီး ဂျန်ရေးက ၎င်းဆီမှ ကမ္ဘာ့အရပ်အပုဆုံးအဖြစ် ကမ္ပည်းတင်ထားမှုကို လွှဲပြောင်းပိုင်ဆိုင်ခဲ့သူဖြစ်သည်။

ယခုကမ္ဘာ့အရပ်အပုဆုံးအဖြစ် ထွက်ပေါ်သတင်းပြေးနေသူ ဒါနိုင်းအနေဖြင့် ဂင်းနက်စ်အဖွဲ့၏ တိုင်းတာမှုများပြီးစီးပါက မဆိုစလောက် လက်မအနည်းငယ်ပုနိမ့်နေခြင်းဖြင့် ကမ္ဘာ့မှတ်တမ်းတွင် စံချိန်တင်လိမ့်မည်ဖြစ်သည်။

"ဂင်းနက်စ်တာဝန်ရှိသူတွေရဲ့ ဒါနိုင်းအရပ်တိုင်းတာမှု မပြီးစီးသေးတာကြောင့် သူ၏အရပ်အမြင့်ကို အတည် မပြုနိုင်သေးပါ။ လာမယ့် သီတင်းပတ်အနည်းငယ်မှာပဲ အရပ်အမြင့်ကို အတိအကျအတည်ပြုနိုင်ပြီး ဆုံးဖြတ်နိုင်လိမ့်မယ်လို့ထင်ပါတယ်"ဟု ဂင်းနက်စ်ကမ္ဘာ့စံချိန်မှတ်တမ်း၏ အယ်ဒီတာဂျီလန်းဒေးက ပြောကြားခဲ့သည်။

၁၉၉၇ခုနှစ်အတွင်းက အသက် ၄၀ တွင် သေဆုံးခဲ့သူ မိုဟာမက်ဆိုသူသည် အရပ်အမြင့် ၂၂ လက်မသာရှိခြင်းဖြင့် ဂင်းနက်စ်မှတ်တမ်းအရ အရပ်အပုဆုံးသော အမျိုးသားအဖြစ် ရှိနေခဲ့ဖူးသည်။ ကမ္ဘာပေါ်တွင် ထူးခြားမှုများရှိက အထူးခြား၊ အဆန်းပြားဆုံးကို ဂင်းနက်စ်မှတ်တမ်းတင်လေ့ရှိရာ အဆိုပါ မှတ်တမ်းတင်ရေးအဖွဲ့မှ တာဝန်ရှိသူများက ထူးခြားမှုရှိရာနေရာသို့ ကိုယ်တိုင်လာရောက် လေ့လာမှတ်တမ်းတင်လေ့ရှိကြသည်။

(အင်တာနက်)

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ ၄-၂-၂၀၁၂

>> တင်မောင်လွင် - စုစည်းသည် <<

တူရကီ၌ လာမည့် နှစ်နှစ်အတွင်းပဲ့ထိန်းဒုံးကျည်တိုးထုတ်ရန်စီစဉ်

တူရကီနိုင်ငံက လာမည့်နှစ်နှစ်အတွင်း ကီလိုမီတာ ၂၅၀၀ အကွာအဝေးသို့ ပစ်ခတ်နိုင်သည့်ပဲ့ထိန်းဒုံးကျည်များတည်ဆောက်သွားရန် ရည်မှန်းထားကြောင်း တူရကီဟာရီယက်နေ့စဉ်ထုတ်သတင်းစာက ဖေဖော်ဝါရီ ၂ ရက်တွင်ဖော်ပြသည်။

တူရကီဝန်ကြီးချုပ် ရီဆက်တေယစ်အာဒိုဂန်မှ မေတ္တာရပ်ခံချက်နှင့်အတူ အဆင့်မြင့်နည်းပညာဘုတ်အဖွဲ့၏ မကြာသေးမီကပြုလုပ်သည့် အစည်းအဝေးတစ်ရပ်၌ ထိုသို့ ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း တူရကီနိုင်ငံ သိပ္ပံသုတေသနဌာနခေါင်းဆောင် ပါမောက္ခ ယူဆယ်အက်အင်ဘာဆပ်၏ ပြောကြားချက်ကို အဆိုပါသတင်းစာက ကိုးကားဖော်ပြသည်။ တူရကီသိပ္ပံသုတေသနဌာနမှ ကီလိုမီတာ ၅၀၀ အကွာအဝေးသို့ ပစ်ခတ်နိုင်သည့် ဒုံးကျည်ကိုပြုလုပ်ထားခဲ့ပြီဖြစ်ပြီး တူရကီစစ်တပ်သို့ ပေးအပ်ခဲ့ကြောင်း၊ ယင်းဒုံးကျည်သည် ကွင်းပြင်တစ်ခု၌ စမ်းသပ်မှုများပြုလုပ်ပြသခဲ့ရာ ၎င်း၏ပစ်မှတ်ကို ၅ မီတာမျှသာ သွေဖည်သွားသည်။ ယခုနှစ်တွင် အဆိုပါသိပ္ပံ သုတေသနဌာနမှ နောက်ဆုံးရည်မှန်းချက်ဖြစ်သည့် ကီလိုမီတာ ၂၅၀၀ မတိုင်မီ ကီလိုမီတာ ၁၅၀၀ အကွာအဝေးပစ်ခတ်နိုင်သည့် ဒုံးကျည်အား စမ်းသပ်မှုပြုလုပ်သွားမည်ဖြစ်ဟုဆိုသည်။

ဆိုမာလီတောင်ပိုင်း၌ ကင်ညာတပ်ဖွဲ့ဝင်များ လေကြောင်းမှ တိုက်ခိုက်

ဆိုမာလီနိုင်ငံ ဘတ်ဟိတ်မြို့၏အရှေ့မြောက်ပိုင်းရှိ မြို့တစ်မြို့အား ကင်ညာတပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အယ်လ်ရှာဘတ် ထိပ်တန်းအကြီးအကဲရှစ်ဦးအပါအဝင် အယ်လ်ရှာဘတ်တပ်ဖွဲ့ဝင် အနည်းဆုံး ၁၀၀ သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများက ဖေဖော်ဝါရီ ၃ ရက်က ပြောကြားသည်။ အယ်လ်ရှာဘတ်တိုက်ခိုက်ရေးသမား ၂၀၀ ကျော်ဖြင့် ပါဝင်ဖွဲ့စည်းထားသော အကြီးဆုံးအဖွဲ့တစ်ဖွဲ့အား ဖေဖော်ဝါရီ ၃ ရက်က လက်နက်အပြည့်အစုံတပ်ဆင်ထားသည့် ကင်ညာရဟတ်ယာဉ်များက တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုဖြစ်ပြီးနောက် အယ်လ်ရှာဘတ်တိုက်ခိုက်ရေးသမားအနည်းဆုံး ၁၀၀ သေဆုံးခဲ့ပြီး ၎င်းတို့အသုံးပြုသည့် နည်းပညာဆိုင်ရာပစ္စည်းကိုးခုနှင့် ထရပ်ကားကိုးစီး ပျက်စီးခဲ့ကြောင်း အဆိုပါအရာရှိများက ဆက်လက်ပြောကြားသည်။

အီဂျစ်၌ ပြန်ပေးဆွဲခံရသည့် အမေရိကန်နိုင်ငံသားနှစ်ဦးလွတ်မြောက်

အီဂျစ်နိုင်ငံ စီနာတွင် ပြန်ပေးဆွဲဖမ်းဆီးထားသည့် အမေရိကန်ကမ္ဘာလှည့်ခရီးသည်နှစ်ဦးအား ဖေဖော်ဝါရီ ၃ ရက် နံနက်အစောပိုင်းက ပြန်လည်လွှတ်ပေးလိုက်ကြောင်း စီနာလုံခြုံရေးခေါင်းဆောင် မိုဟာမက်နာဂတ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။ ယင်းပြန်ပေးဆွဲခံထားရသည့် အမေရိကန်ကမ္ဘာလှည့်ခရီးသွားနှစ်ဦးအား ပြန်ပေးသမားများနှင့် စီနာလုံခြုံရေးတပ်ဖွဲ့ဝင်များအကြား ဆွေးနွေးမှုများပြုလုပ်ပြီးနောက် ပြန်လည်လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုတွင် ပါဝင်ပတ်သက်သည့် ယင်းပြန်ပေးဆွဲသမားများနှင့် ဆက်နွယ်သူများအား လွှတ်ပေးရန် ၎င်းတို့၏တောင်းဆိုမှုများကို ခွင့်မပြုခဲ့ကြောင်း၊ သို့သော်လည်း ယင်းကိစ္စကို အမြန်ဆုံးလေ့လာဆောင်ရွက်သွားမည်ဟု ကတိပြုခဲ့ကြောင်း မိုဟာမက်နာဂတ်က ဆက်လက်ပြောကြားခဲ့သည်။ အဆိုပါ ကမ္ဘာလှည့်ခရီးသည်နှစ်ဦးနှင့် ၎င်းတို့၏ အီဂျစ် လမ်းညွှန်တစ်ဦးတို့သည် အီဂျစ်နိုင်ငံတောင်ပိုင်း ဘက်ဒေါ့စ်ဒေသရှိ ၎င်းတို့၏ဘာသာရေးကျောင်းသို့ အလည်အပတ်သွားပြီး အပြန်လမ်း၌ ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်အားပေး၍ နှုတ်ခွန်းဆက်စကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်သည် ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ကျင်းပသည့် ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အားပေး၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထိုသို့ပြောကြားရာတွင် ယနေ့ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် လာရောက်တွေ့ဆုံရခြင်းမှာ အသင်းဝင်များ၏ လုပ်ငန်းလုပ်ဆောင်ချက်၊ စွမ်းဆောင်ချက်များကို ကြည့်ရှုအားပေးရန် ဖြစ်ပါကြောင်း။

မွန်မြတ်သည့်လုပ်ငန်းဖြစ်

မိခင်နှင့်ကလေး စောင့်ရှောက်ရေး လုပ်ငန်းသည် မွန်မြတ်သောလုပ်ငန်းဖြစ်သကဲ့သို့ ကျယ်ပြန့်သည့် လုပ်ငန်းလည်းဖြစ်ကြောင်း၊ ထို့အတူ အမျိုးသမီးရေးရာလုပ်ငန်းသည်လည်း အမျိုးသမီးအားလုံး၏ လူမှုရေး၊ စီးပွားရေးစသော ကိစ္စအဝဝများ ပါဝင်သည့်အတွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းနည်းတူ ကျယ်ပြန့်သောလုပ်ငန်း၊ မွန်မြတ်သည့်လုပ်ငန်းဖြစ်ပါကြောင်း။

ပြောကြားလို

ထို့ကြောင့် ယခုလုပ်ငန်းများ ဆောင်ရွက်နေကြသည့် အဖွဲ့ဝင်များအနေဖြင့် ဤလုပ်ငန်းများ၏ အခက်အခဲ၊ ပြဿနာများ ရှိခဲ့လျှင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် ပြောကြားလိုပါကြောင်း။

တင်ပြလာသည့် အခက်အခဲ၊ ပြဿနာများအားလုံးကို နေပြည်တော်ပြန်ရောက်သည့်အခါ ဗဟိုမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဗဟိုအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့နှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး လိုအပ်ချက်များကို ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်း။

ဂုဏ်ယူမိ

အသင်းအဖွဲ့(၂)ခုစလုံး၏ အလုပ်အမှုဆောင်အားလုံး၊ အသင်းအဖွဲ့ဝင်အားလုံး၏ လူမှုရေးစိတ်ဓာတ် အပြည့်အဝဖြင့် စေတနာစိတ်အားထက်သန်စွာ ကိုယ့်အလုပ်၊ ကိုယ့်အချိန်ကိုဖဲ့ယူပြီး ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်မြို့ကိုယ့်ဒေသအကျိုးကို ဦးစားပေးပြီး စွမ်းစွမ်းတမံ အကျိုးဆောင်၊ စွမ်းဆောင်ပေးနေကြသည့်အတွက် အားလုံးကို မိမိအနေဖြင့် အများကြီးဂုဏ်ယူမိပါကြောင်း၊ မိမိနည်းတူ အမျိုးသမီးထုအများစုကလည်း ဂုဏ်ယူနေကြမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြတ်ငွေက တိုင်းဒေသကြီးအတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများတွင် မိမိတို့ အသင်းအဖွဲ့များအနေဖြင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနိုင်မှု၊ အသင်းဝင်အင်အားနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြကာ အထွေထွေကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ၏ ဇနီးက ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ အတွက် ငွေကျပ် ၁၀ သိန်းစီကို ထောက်ပံ့လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဒုတိယသမ္မတ၏ ဇနီးနှင့်အဖွဲ့သည် အဆိုပါရုံး၌ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခွဲက ဖွင့်လှစ်ထားသော သိုးမွေးဆွယ်တာ စက်ဆွဲသင်တန်းမှ သင်တန်းသူများ၏ ဆွယ်တာရက်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၄)တွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ထားသော မေတ္တာပန်းငုံမူကြိုကျောင်းမှ ကျောင်းသား ကျောင်းသူလေးများ၏ ကာယ၊ ဉာဏစွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုအားပေးပြီး ကလေးငယ်များအား လက်ဆောင်များပေးအပ်သည်။

ထို့နောက် မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၏ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် ပြင်ဦးလွင်မြို့နယ် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲက ဖွင့်လှစ်ထားသော သိုးမွေးဆွယ်တာစက်ဆွဲသင်တန်းမှ သင်တန်းသူများ၏ ဆွယ်တာရက်လုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ပြည်တွင်းအားကစား

ZAYKABAR MYANMAR OPEN 2012

ဂေါက်သီးရိုက်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာပီဂျီအေနှင့် Asian Tour တို့ ပူးပေါင်းကျင်းပသည့် ZAYKABAR MYANMAR OPEN 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club တွင် ဆက်လက်ကျင်းပခဲ့သည်။

ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် Scott HEND (AUS) က နှစ်ရက်ပေါင်း ၁၃ ချက် လျှော့ရိုက်ပြီး ရိုက်ချက် ၁၃၁ ချက်ဖြင့် ဦးဆောင်ကစားခဲ့သည်။ Kiradech APHIBARNRAT (THA) က နှစ်ရက်ပေါင်း ၁၂ ချက် လျှော့ရိုက်ပြီး ၁၃၂ ချက်ဖြင့် ဒုတိယလိုက်ကာ Chinnarat PHADUNGSIL (THA) နှင့် Ben FOX (USA) တို့က နှစ်ရက်ပေါင်း ၁၁ ချက်စီ လျှော့ရိုက်နိုင်၍ ရိုက်ချက် ၁၃၃ ချက်စီဖြင့် တတိယလိုက်ခဲ့သည်။

ဇော်မိုးက နှစ်ရက်ပေါင်း သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ပြီး ၁၃၉ ချက်၊ သိန်းဇော်မြင့်က နှစ်ရက်ပေါင်းသတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ပြီး ၁၄၀ ချက် ရရှိထားခဲ့ကြသည်။

တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၇ နာရီတွင် မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club ၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲအပြီးတွင် Scott HEND (AUS) က သုံးရက်ပေါင်း ၁၆ ချက် လျှော့ရိုက်ပြီး ရိုက်ချက် ၂၀၀ ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ Kiradech APHIBARNRAT (THA) က သုံးရက်ပေါင်း ၁၅ ချက် လျှော့ရိုက်ပြီး ၂၀၁ ချက်ဖြင့် ဒုတိယလိုက်ကာ Tetsuji HIRATSUKA (JPN)၊ Marcus BOTH (AUS)၊ Ben FOX (USA) တို့ကလည်း သုံးရက်ပေါင်း ၁၄ ချက်စီ လျှော့ရိုက်ကြပြီး ရိုက်ချက် ၂၀၂ ချက်စီဖြင့် တတိယလိုက်နေသည်။

မြန်မာနိုင်ငံမှ သိန်းဇော်မြင့်က သုံးရက်ပေါင်း ငါးချက်လျှော့ရိုက်ပြီး ရိုက်ချက် ၂၁၁ ချက်၊ ဇော်မိုးက သုံးရက်ပေါင်း နှစ်ချက်လျှော့ရိုက်ပြီး ရိုက်ချက် ၂၁၄ ချက် ရရှိကြသည်။

စတုတ္ထနေ့ (၁၈)ကျင်း ပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၇ နာရီတွင် ယင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျော့ဖုံးမှ

အသက် ၅၃ နှစ်ရှိပြီဖြစ်တဲ့ အဆိုတော်ကြီး မက်ဒေါနားဟာ အင်ဒီယာနာပိုလစ်မှာ ကျင်းပမယ့် Super Bowl Showပွဲမှာ ဖျော်ဖြေတင်ဆက်ခဲ့ပါတယ်။ ဒီ Show ဟာ လူကြိုက်အများဆုံးဖြစ်ခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ လူပေါင်း သန်း ၁၆၀ကျော်တို့က တိုက်ရိုက်ထုတ်လွှင့်မှုကို စောင့်ကြည့်ခဲ့ကြတယ်လို့ ဆိုပါတယ်။ **(အင်တာနက်)**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အတွင်းရှိ ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးစဝ်အောင်မြတ် တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်က လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းမှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ပြည်နယ်အတွင်းရှိ ဥပဒေအရာရှိများ၏ တင်ပြဆွေးနွေးချက်များ အပေါ် ပြည်နယ်ဥပဒေချုပ်က ပြန်လည်ရှင်းလင်းမှာကြားခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး အောင်သူတို့သည် မွန်းလွဲ ၁ နာရီခွဲတွင် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မှူးရုံး၌ ကျင်းပသော ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ကြ၍ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးဝင်းဇော်အောင်က လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တွဲဖက် ပြည်နယ်ရုံး (လားရှိုး)နှင့် (ကျိုင်းတုံ)တို့မှ တွဲဖက်ပြည်နယ် ဦးစီးဌာနမှူးများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး ခရိုင်၊ မြို့နယ်နှင့် မြို့နယ်ခွဲဦးစီးဌာနမှူးများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြကာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့သည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်စာရင်းစစ်အရာရှိများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်စာရင်းစစ်ချုပ် ဦးသိန်းမြင့်က ပြည်ထောင်စုစာရင်းစစ်ချုပ်မှာကြားချက်ကို ရှင်းလင်းရာ စာရင်းစစ်ရုံးများသည် စစ်ဆေးရေး တာဝန်များကို မြင်သာထင်သာရှိမှု၊ တည်ကြည်ဖြောင့်မတ်မှုနှင့် အဆင့်ဆင့် တာဝန်ခံမှုဖြင့် ထိထိရောက်ရောက် ဆောင်ရွက်ကြရန် ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူး ဦးဝင်းမောင်ကပြည်နယ်အတွင်းရှိ စာရင်းစစ်ရုံး အဆင့်ဆင့်၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ခရိုင်နှင့် မြို့နယ်စာရင်းစစ်အရာရှိများက လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြရာ ပြည်နယ် စာရင်းစစ်ချုပ်နှင့် ညွှန်ကြားရေးမှူးတို့က ပြန်လည်ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်အောင်မြို့ အရှည် ၇၉၅ ပေ၊ အကျယ် ၁၈ ပေရှိ ကျိတ္တန်းအနောက်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကြူ၊ မြို့နယ်အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးညွန့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

MRTV-4

၅-၂-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၂၀	MRTV-4 သတင်း
၅:၄၀	**လူမိုက်အဝိဇ္ဇာကင်းအောင်ရှောင်** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရ)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၀၈)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၆၁)
၁၁:၃၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **တေးသွားဧကရီ** (အပိုင်း-၈)
၂:၀၀	MRTV-4 သတင်း
၅:၃၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **တေးသွားဧကရီ** (အပိုင်း-၉)
၆:၀၀	MRTV-4 သတင်း
၆:၁၅	၂၀၁၀ ခုနှစ် အကယ်ဒမီ အကြိုရင်ခုန်သံများ (အနုပညာရှင်များ)
၇:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၀၉)
၇:၄၀	ဒါရိုက်တာကြည်စိုးထွန်း၏ ရုပ်ရှင်ထူးချွန်ဆုခန့်မှန်းချက် (အပိုင်း-၁)
၈:၀၀	MRTV-4 သတင်း
၉:၃၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၆၂)
၂:၅၀	**တုနှိုင်းမရ** ဦးဝင်းမြိုင်၊ အရိုင်းမင်း၊ မျိုးကြည်၊ တိုးမြတ်နိုးဝေ ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)
၄:၃၀	သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော်ကျိုက်တလန်းစေတီတော်

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၅၅	Newcastle Utd - Aston Villa	(ESPN)
၁၀:၂၅	Chelsea - Man U	(ESPN) (MRTV-4)

ဒီမိုကရေစီအစစ်အမှန်၊ ရွေးကောက်ပွဲတွင် အခြေခံ လွတ်လပ် မျှတ ဆောင်ရွက်ရန်

ကိုကိုအောင်

ဒီမိုကရေစီဟူသည် Demo Critia ဟူသည့် လက်တင်ဘာသာစကားဖြစ်ပြီး Demo အများပြည်သူ၊ Critia အုပ်ချုပ်ခြင်းဟု အဓိပ္ပာယ်ရသည်။ ဒီမိုကရေစီ၏ အဓိပ္ပာယ်ကို အမေရိကန်သမ္မတ အီဗရာဟင်လင်ကွန်းက Government of the People, by the People, for the People ပြည်သူ့အတွက် ပြည်သူရွေးသော ပြည်သူ့အစိုးရဖြင့် အုပ်ချုပ်ခြင်းဟု ဖွင့်ဆိုခဲ့ဖူးသည်။

ထို့ကြောင့် ဒီမိုကရေစီအစစ်အမှန်ကို ဖော်ဆောင်မည်ဆိုလျှင် အချုပ်အခြာအာဏာကို ပြည်သူအားလုံး၏ကိုယ်စား ကိုင်တွယ်ကျင့်သုံးမည့် ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းသည် မလွဲမသွေဖြတ်သန်းရမည့် ဒီမိုကရေစီ ကျင့်စဉ်တစ်ရပ်ဟု ဆိုနိုင်ပါသည်။ ပြည်သူ့ကိုယ်စားလှယ်(လွှတ်တော်ကိုယ်စားလှယ်)များ ရွေးကောက်တင်မြှောက်သည့်အဆင့်မှာကတည်းက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆(င)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော အခြေခံမူများကို ကိုင်စွဲကျင့်သုံးဖို့ အထူးအရေးကြီးပါသည်။

ဤနေရာတွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းဟူသည် စည်းကမ်းမဲ့ခြင်းမဟုတ်သည်ကို သတိချပ်ရပါမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇ တွင် "နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်"ဟု ပြဋ္ဌာန်းချက်နှင့်အညီ ဒီမိုကရေစီကို အမှန်တကယ် စစ်မှန်စေလိုလျှင် စည်းကမ်းပြည့်ဝရမည်ဖြစ်ပေသည်။ တရားမျှတခြင်း (Justified)၊ လွတ်လပ်ခြင်း (Liberty)၊ ညီမျှခြင်း (Equality) ဆိုသည့် စကားရပ်တစ်ခုချင်းမှာပင် စည်းကမ်းပြည့်ဝမှုသည် အလိုအလျောက်ပါရှိနေပြီးဖြစ်သည်။ နိုင်ငံသားအားလုံး လိုက်နာရန် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများသည် တစ်စုံတစ်ယောက်ကိုသာ လိုက်နာစေပြီး အခြားတစ်စုံတစ်ယောက်က လိုက်နာဖို့ မလိုသည့် ပြဋ္ဌာန်းချက်များမဟုတ်ပါ။ သူ့ဘက် ကိုယ့်ဘက်အခွင့်အရေး (Rights) နှင့် တာဝန် (Duty)များကို မျှမျှတတပြဋ္ဌာန်းထားပြီး အားလုံးပေါ်တွင် တန်းတူ အကျိုးသက်ရောက်မှုရှိစေသော စည်းကမ်းဥပဒေများ ဖြစ်ကြပါသည်။ ဥပဒေ၏ အထက်တွင် မည်သူမျှမရှိ (Nobody above the Law) ဟူသည့် မူသဘောဆောင်ပါသည်။

မြန်မာနိုင်ငံ၌ များမကြာမီကာလအတွင်း လွှတ်တော်ကိုယ်စားလှယ် လစ်လပ်နေသည့် နေရာအသီးသီးအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်များထုတ်ပြန်ထားပါသည်။ ရွေးကောက်ပွဲဟူသည် လွတ်လပ်ဖို့၊ တရားမျှတဖို့ လိုအပ်ပါသည်။ သို့မှသာ ပြည်သူ့ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်(အစစ်အမှန်)များ လွှတ်တော်သို့ ရောက်ရှိနိုင်ပါသည်။ မြန်မာပြည်တွင် "ရွေးကောက်ပွဲ"ဟု ဆိုလိုက်သည်နှင့် မဲဆွယ်စည်းရုံးမှု (Election Campaign)ဟူသည့် အသုံးအနှုန်းသည်လည်း ပါတီနှင့် လူထုအကြား ဖောဖောသီသီ သုံးစွဲလာသည်ကို တွေ့ရပါသည်။

Election Campaign ကို အခြားသူများ မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုကြသည် မသိသော်လည်း ဆောင်းပါးရှင်အနေဖြင့် စည်းရုံးရေးလုပ်ငန်းစဉ်တစ်ခုဟုသာ ရှုမြင်ပါသည်။ ပြည်သူ့ဆန္ဒ၊ ပြည်သူ့ထောက်ခံမှု ရယူလိုကြသည့် နိုင်ငံရေးပါတီများသည် ပြည်သူ့အကျိုးကိုဆောင်ရွက်ပြီး ပြည်သူကို စည်းရုံးရမည်။ ရွေးကောက်ပွဲနီးမှ တစ်ပွဲတိုး စည်းရုံးရန်မဟုတ်ဘဲ ပြည်သူထောက်ခံမှုရရှိအောင် အစဉ်တစိုက် စည်းရုံးနေကြရပါသည်။ ရွေးကောက်ပွဲနီးမှ စည်းရုံးခြင်း(လွှတ်တော်ကိုယ်စားလှယ်လောင်းများ သတ်မှတ်အတည်ပြုပြီးမှ စည်းရုံးခြင်း)ကိုမူ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုဟု ဆိုနိုင်ပါသည်။

နိုင်ငံရေးပါတီကိုယ်စားပြု ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက ပြည်သူလူထုကို မဲဆွယ်စည်းရုံးနိုင်ရန် သက်ဆိုင်ရာကော်မရှင်က ကြေညာချက် (၉၁/၂၀၁၀)ဖြင့် ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၁၈ ရက်နေ့ကတည်းက ထုတ်ပြန်ကြေညာပေးထားကြောင်း တွေ့ရပါသည်။ ယင်းကြေညာချက်တွင် ရွေးကောက်ပွဲဝင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသာမက ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့ကပါ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက်(က)သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ၏ခွင့်ပြုချက်ဖြင့် သတ်မှတ်သည့်နေရာတွင် စုဝေးခြင်းနှင့် ဟောပြောခြင်းပြုလုပ်နိုင်ကြောင်း၊ (ခ) ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အမှတ်(၄၂)နှင့်အညီ ရေးသားပုံနှိပ် ထုတ်ဝေတင်ပြနိုင်ကြောင်း နည်းလမ်း နှစ်မျိုးဖြင့် ခွင့်ပြုပေးထားသည်ကို တွေ့ရသည်။

ပထမနည်းလမ်းဖြစ်သည့် ပြည်သူလူထုကို စုဝေးဟောပြောခြင်းဖြင့် မဲဆွယ်စည်းရုံးလိုပါက သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ ၇ ရက်ကြိုတင်၍ ခွင့်ပြုမိန့်လျှောက်ထားရမည်ဖြစ်ကြောင်း၊ (သို့ရာတွင် ပါတီဌာနချုပ်နှင့် ပါတီရုံးခွဲများတွင် စုဝေးဟောပြောခြင်းဖြစ်ပါက ခွင့်ပြုမိန့်တောင်းရန်မလိုဘဲ ကြိုတင်အသိပေးတင်ပြရန်သာဖြစ်ကြောင်း) စုဝေးဟောပြောရန် လျှောက်ထားခွင့်ရှိသူများမှာ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ ဖြစ်ကြောင်း၊ လျှောက်လွှာတွင် စုဝေးဟောပြောပွဲပြုလုပ်လိုသည့် နေရာ၊ နေ့ရက်၊ စတင်ပြုလုပ်မည့်အချိန်နှင့် ပြီးဆုံးမည့်(ခန့်မှန်း)အချိန်၊ (ခန့်မှန်း)တက်ရောက်မည့်အင်အား၊ ဟောပြောမည့်ပုဂ္ဂိုလ်များ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ၊ လျှောက်ထားသူ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာတို့ကို ဖော်ပြလျှောက်ထားရမည်ဖြစ်ကြောင်း တိကျစွာ သတ်မှတ်ပေးထားပါသည်။

သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများသည် ထိုသို့ စုဝေးဟောပြောလိုကြောင်း လျှောက်ထားလာပါက လျှောက်ထားချက်ကို လိုအပ်သလိုစိစစ်ပြီး ခွင့်ပြုမိန့် ထုတ်ပေးခြင်း/ငြင်းပယ်ခြင်းတို့ ပြုနိုင်ကြောင်း၊ ခွင့်ပြုမိန့်ထုတ်ပေးပါက ခွင့်ပြုသည့်နေ့ရက်နှင့် နေရာ၊ စတင်ရမည့်အချိန်နှင့် ပြီးဆုံးရမည့်အချိန်၊ ဟောပြောခွင့်ရရှိသည့် ပုဂ္ဂိုလ်များ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာတို့ကို ဖော်ပြ၍ ခွင့်ပြုမိန့်ကို ဟောပြောခြင်း မစတင်မီ ၄၈ နာရီ ကြိုတင်ထုတ်ပေးမည်ဖြစ်ကြောင်း၊ ငြင်းပယ်လျှင်လည်း အလားတူ ၄၈ နာရီမတိုင်မီ ကြိုတင်အကြောင်းကြားမည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မိမိနယ်မြေဒေသအတွင်း စုဝေးခြင်းနှင့် ဟောပြောခြင်းပြုလုပ်ရန် ခွင့်ပြုနိုင်မည့် အများပြည်သူတို့နှင့် သက်ဆိုင်သောနေရာဒေသများကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ကြိုတင်သတ်မှတ်ထားရမည်ဖြစ်ကြောင်း၊ စုဝေးခြင်း၊ ဟောပြောခြင်းတို့ကို ပျက်ပြားအောင် မပြုနိုင်စေရန်နှင့် နှောင့်ယှက်ခြင်း မပြုနိုင်စေရန် သက်ဆိုင်ရာ အုပ်ချုပ်ရေး/လုံခြုံရေးအဖွဲ့အစည်းများက လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးရန် ညှိနှိုင်းပေးရမည်ဖြစ်ကြောင်း၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိပါးမည့်အန္တရာယ်မှ ကာကွယ်နိုင်ရန် သက်ဆိုင်ရာ အုပ်ချုပ်ရေး/လုံခြုံရေးအဖွဲ့အစည်းများက လိုအပ်သော အစီအစဉ်များပြုလုပ်ပေးရန် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အသေးစိတ် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးထားပါသည်။

ထို့အပြင် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသည် စုဝေးဟောပြော(မဲဆွယ်စည်းရုံး)ရန် ခွင့်ပြုမိန့် ထုတ်ပေးပါက အောက်ပါစည်းကမ်းချက်များကို လိုအပ်သလို သတ်မှတ်နိုင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်-

(၁) အစိုးရရုံးများ၊ အဖွဲ့အစည်းများ၊ စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများ၊ ဈေးများ၊ အားကစားကွင်းများ၊ သာသနာရေးနှင့်ဆိုင်သည့် နေရာများ၊ စာသင်ကျောင်းများနှင့် ပြည်သူ့ဆေးရုံများစသည့် လူစုလူဝေးရှိသည့် နေရာများကို အနှောင့်အယှက်မဖြစ်စေရန်၊

(၂) အဆောက်အအုံများ၊ ခန်းမများတွင် စုဝေးခြင်း၊ ဟောပြောခြင်းများ ပြုလုပ်ပါက ဝင်ဆံ့သည့်အရေအတွက်ထက် မကျော်လွန်စေရန်၊ (အဆောက်အအုံများနှင့်ခန်းမများ၏ ပြင်ပတွင် လူစုလူဝေးရှိမနေစေရန် တာဝန်ယူစေရမည်။)

(၃) စုဝေးခြင်း၊ ဟောပြောခြင်းပြုလုပ်ရန် ခွင့်ပြုသည့်နေရာတွင် ကွင်းတစ်ခုခုဖြစ်ပါက ဝင်ဆံ့သည့် အရေအတွက်ထက် မကျော်လွန်စေရန်၊

(၄) တုတ်၊ ဓား၊ လက်နက်၊ ခဲယမ်းမီးကျောက်များနှင့် အခြား ဘေးအန္တရာယ်ဖြစ်စေနိုင်သောအရာများကို ကိုင်ဆောင်ခြင်းမပြုရန်၊

(၅) ယာဉ်သွားလာခြင်းကို အနှောင့်အယှက်မဖြစ်စေရန်နှင့် လမ်းများ ပိတ်ဆို့ခြင်းမပြုရန်၊

(၆) ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်စေရေးအတွက် (Sound Box)ကို ခွင့်ပြုသည့် အခန်းအတွင်း သို့မဟုတ် ကွင်းအတွင်း ကြားနိုင်ရုံသာ အသုံးပြုရန်၊

(၇) အသံချဲ့စနစ်ကို တည်ဆဲဥပဒေ စည်းကမ်းများနှင့်အညီ အသုံးပြုရန်၊

(၈) အခြားသတ်မှတ်လိုသော စည်းကမ်းချက်များ။

စုဝေးဟောပြော(မဲဆွယ်စည်းရုံး)မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် စုဝေးဟောပြောခြင်းနှင့်ရေးသားပုံနှိပ်ထုတ်ဝေခြင်းတို့ပြုရာတွင် အောက်ပါတားမြစ်ချက်များကို လိုက်နာရမည်ဖြစ်ကြောင်း သတ်မှတ်ညွှန်ကြားထားသည်ကို တွေ့ရသည်-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့်ပြုလုပ်မှု၊

(ခ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ပြုလုပ်မှု၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာမှု မရှိခြင်း၊

(ဃ) နိုင်ငံတော်အား အကြည်ညိုပျက်စေရန် သို့မဟုတ် ဂုဏ်သိက္ခာထိပါးစေရန် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(င) တပ်မတော်ပြိုကွဲရေးကိုဖြစ်ပေါ်စေရန် သို့မဟုတ် တပ်မတော်၏ ဂုဏ်သိက္ခာကိုထိခိုက်စေရန် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(စ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့်၊ သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခြင်း၊

(ဆ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုလုပ်ခြင်း၊

(ဇ) ငြိမ်းချမ်းစွာပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော်ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(ဈ) နိုင်ငံ့ဝန်ထမ်းများအား ယင်းတို့၏ တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်စေရန် သို့မဟုတ် အစိုးရအား ဆန့်ကျင်ဆန္ဒပြစေရန် သွေးထိုးလှုံ့ဆော်ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း။

နိုင်ငံရေးပါတီဝင်များ၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားအားလုံးတို့သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရန် တာဝန်ရှိကြပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄(က)တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား အလို့ငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိသည်ဟု ပြဋ္ဌာန်းပါရှိပါသည်။ ယင်းအခြေခံဥပဒေ ပုဒ်မ ၃၉၉(စ)တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက် စသည်များကို သက်ဆိုင်ရာဥပဒေများနှင့်အညီ လည်းကောင်း ထုတ်ပြန်ရန် တာဝန်ရှိကြောင်း၊ ယင်းအခြေခံဥပဒေ ပုဒ်မ ၄၀၂(ဂ)တွင် နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရ ဆောင်ရွက်သောကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ် အတည်ဖြစ်ကြောင်း ပြဋ္ဌာန်းချက်များပါရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

မဲဆွယ်စည်းရုံးမှု(Election Campaign)နှင့် စပ်လျဉ်း၍ စာရေးသူလေ့လာသိရှိသလောက် တင်ပြရလျှင် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင်လည်း နိုင်ငံတော်အစိုးရ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရ)က ၂၃-၂-၁၉၉၀ ရက်စွဲပါ အမိန့်အမှတ် (၃/၉၀)ဖြင့် စုဝေးခွင့်နှင့် မဲဆွယ်ခွင့်ဆိုင်ရာအမိန့်ကို ထုတ်ပြန်ခွင့်ပြုပေးခဲ့ဖူးပါသည်။ ယင်းနဝတအမိန့် (၃/၉၀)တွင်လည်း အလားတူ ခွင့်ပြုမိန့်လျှောက်ထားရခြင်း၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များနှင့် တားမြစ်ချက်များကို လိုက်နာရခြင်းတို့ရှိခဲ့ကြောင်း ဖတ်ရှုလေ့လာရပါသည်။

ယခုအခါတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်ပြီးဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စုဝေးဟောပြောခွင့် (မဲဆွယ်စည်းရုံးခွင့်)ဆိုင်ရာ အမိန့်ထုတ်ပြန်ခြင်းသာ ကွာခြားပြီး နိုင်ငံရေးပါတီများအားလုံးက အတွေ့အကြုံရှိခဲ့ပြီးသော အမိန့်ညွှန်ကြားချက်(ကြေညာချက်)များသာဖြစ်ကြောင်း တွေ့ရပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ယင်းစုဝေးဟောပြောခွင့် (မဲဆွယ်စည်းရုံးခွင့်)ဆိုင်ရာ ကြေညာချက်ကို နိုင်ငံရေးပါတီအားလုံးနှင့် အများပြည်သူ သိရှိအောင်လည်း ၁၉-၈-၂၀၁၀ ရက်နေ့ထုတ် သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ကြောင်း သိရပါသည်။ ထို့အပြင် ၃၁-၁-၂၀၁၂ ရက်နေ့ထုတ် သတင်းစာများတွင်လည်း မဲဆွယ်စည်းရုံးခွင့်အတွက် ကော်မရှင်ကြေညာချက် (၉၁/၂၀၁၀)ဖြင့် ထုတ်ပြန်ကြေညာထားကြောင်းနှင့် ယင်းကြေညာချက်အတိုင်း လိုက်နာ၍ ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးခြင်း/စုဝေးဟောပြောခြင်းတို့ ပြုလုပ်ကြရန် အသိပေးနှိုးဆော် (Public Awareness)မှုပြုလုပ်ထားကြောင်း တွေ့ရပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ ၈(ဋ)အရ နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရန် ကြီးကြပ်/လမ်းညွှန်ရမည့် တာဝန်ရှိသဖြင့် နိုင်ငံရေးပါတီအားလုံး လိုက်နာသင့်သည့် အမိန့်ညွှန်ကြားချက် (ကြေညာချက်)များကို ထုတ်ပြန်ပေးနေခြင်းဖြစ်ပါသည်။ ယင်းကော်မရှင် အမိန့်ညွှန်ကြားချက် (ကြေညာချက် ၉၁/၂၀၁၀)ကို လေ့လာကြည့်လျှင်လည်း နိုင်ငံရေးပါတီနှင့်တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် မဲဆွယ်စည်းရုံးမှုပြုကြရာတွင် ပါတီအားလုံး၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံး(တစ်ပြေးညီ)ဖြစ်စေရေးအတွက် စံပြုလိုက်နာသင့်သည့် အချက်များကိုသာ သတ်မှတ်ပေးထားခြင်းဖြစ်ကြောင်းလည်း တွေ့ရမည်ဖြစ်ပါသည်။ ယင်းခွင့်ပြုမိန့်ပါ စည်းကမ်းချက်နှင့် တားမြစ်ချက်များကိုလည်း လူပုဂ္ဂိုလ်/ပါတီအဖွဲ့အစည်းတစ်ခုတည်းကသာ လိုက်နာရခြင်းမဟုတ်ဘဲ ကိုယ်စားလှယ်လောင်းအားလုံး/ပါတီအားလုံးက (တစ်ပြေးညီ)လိုက်နာကြရန် သတ်မှတ်ညွှန်ကြားထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် အခြေခံဥပဒေ ပုဒ်မ ၄၀၅ (ဂ)အတိုင်း စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အမှန်တကယ် လက်ခံကျင့်သုံးမည်ဆိုပါက ဥပဒေနှင့်အညီ ပြဋ္ဌာန်းညွှန်ကြားထားသည့် အမိန့်ညွှန်ကြားချက် (ကြေညာချက်)များကို တိကျစွာလိုက်နာဆောင်ရွက်သင့်ကြပါသည်။ သို့မှသာ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ပြီး နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

ဆုချီးမြှင့်

ဇန်နဝါရီ ၂၈ရက်က အမက (၁၉)သာကေတ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုဝင်းက ဒုတိယတန်းတွင် လက်ရေးလှဆုနှင့် ပထမတန်းသင်္ချာ ထူးချွန်ဆုရရှိသူ မသဲဆုနှင်းအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပေးအပ်လှူဒါန်း

ရေတာရှည်မြို့နယ် ဘိုးဘွားရိပ်သာ ငွေပဒေသာပင်သို့ အထက်တန်း သူနာပြုဆရာမကြီး ဒေါ်လှမြင့်က ၄င်း၏တစ်နှစ်တာရရှိမည့် ပင်စင်ငွေကျပ် သုံးသိန်းကို ဘိုးဘွားရိပ်သာ နာယက ဒုတိယ ဗိုလ်မှူးကြီး လှမောင်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ သစ်လက်ထက် ပို့ဆောင်ရေးဆောင်ရွက်ချက် (နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်)

* ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်တွင် ၂၀၀၉ ခုနှစ် ဧပြီ ၇ ရက်မှစတင်၍ တည်ဆောက် အကောင်အထည်ဖော်ခဲ့သည့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကြီးကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။
* နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံသည် ၆၆၀၃၄၇ စတုရန်းပေ ကျယ်ဝန်းသည်။ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြေးလမ်းပေ(၁၂၀၀၀×၂၀၀)၊ လေယာဉ်ရပ်နားနေရာ ပေ(၁၂၀၀×၉၀၀) (ကွန်ကရစ်)၊ လေယာဉ်ကွေ့ရန်နေရာ ပေ(၃၅၀×၁၅၀)နှစ်ခု၊ ပြေးလမ်းအထူ ၂၆ လက်မ၊ ပြေးလမ်းခံနိုင်အား ပေါင် ၈၇၃၀၀၀၊ လေဆိပ်အဆောက်အအုံ အရေးကြီးပုဂ္ဂိုလ်နားနေဆောင် (၁၉၅× ၁၃၀)ပေ၊ ခရီးသည်အဆောက်အအုံ (၉၆×၆၀) ပေတို့ကို ထည့်သွင်းတည်ဆောက်ထားသည်။
* တစ်နှစ်လျှင် ပြည်တွင်းခရီးသည် နှစ်သန်း၊ ပြည်ပခရီးသည် သုံးသန်း စုစုပေါင်းခရီးသည် ငါးသန်းကို ဝန်ဆောင်မှုပေးနိုင်ပြီး လေယာဉ်ဆိုက်ကပ်နိုင်သော ခရီးသည် ပေါင်းကူးတံတား ၁၀ စင်းပါဝင်ကာ တစ်နှစ်လျှင် လေယာဉ်စင်းရေ ၅၀၀၀၀ မှ ၆၅၀၀၀ အထိ ဆိုက်ရောက်နိုင်သည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်တို့ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ကမ္ပည်းမော်ကွန်းကို Touch Globe ဖြင့် ဖွင့်လှစ်ပေးကြစဉ်။

သတင်းမှတ်စု ➤ မောင်ငြိမ်းအေး

* နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို တည်ဆောက်ဖွင့်လှစ်ပေးခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာ့ဝေဟင်ပိုင်နက်အား တစ်လက်မ မကျန်အောင် အသုံးချပြီး နိုင်ငံတော်၏စီးပွားရေးကို လေကြောင်းကဏ္ဍမှ ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန် ဖြစ်သည်။ နိုင်ငံတကာလေကြောင်းလိုင်းများမှ မည်သည့်လေယာဉ် အမျိုးအစားကိုမဆို ဆင်းသက်ခွင့်၊ ရပ်နားခွင့်နှင့် ဖြတ်ကျော်ပျံသန်းခွင့်တို့ကို ဆောင်ရွက်ပေးနိုင်ရန် ဖြစ်သည်။ ဆင်းသက်ရပ်နားသည့် လေယာဉ်များအတွက် လောင်စာဆီ ဖြည့်တင်းခြင်း၊ စက်ကိရိယာပိုင်းဆိုင်ရာ ချွတ်ယွင်းချက်များရှိပါက ပြင်ဆင်ဆောင်ရွက်ပေးနိုင်ရန် ဖြစ်သည်။
* အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်းများပေးပို့လက်ခံခြင်းကိစ္စရပ်များကို လေကြောင်းမှ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်ပေးနိုင်ရန်ဖြစ်သည်။ နိုင်ငံတကာနှင့် စီးပွားရေး၊ လူမှုရေး၊ သံတမန်ဆက်ဆံရေးများ တိုးမြှင့်ဆောင်ရွက်လာသည်နှင့်အမျှ တိုးတက်လာသော နိုင်ငံတကာခရီးသည် ဝင်ထွက်သွားလာမှု သိပ်သည်းထူထပ်လာခြင်းအပေါ် အဆင်ပြေချောမွေ့စေရေး ဖြေရှင်းပေးနိုင်ရန်ဖြစ်သည်။ နေပြည်တော်ကို ဗဟိုပြု၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွယ်ကူစွာသွားလာနိုင်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို သွက်လက်လျင်မြန်စွာ ဆောင်ရွက်သွားနိုင်ရန်ဖြစ်သည်။

နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း နိုင်ငံတကာအဆင့်မီ ထွက်ခွာခန်းမကို တွေ့ရစဉ်။

နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း စီးပွားရေးအထူးပုဂ္ဂိုလ်ခန်းမ၊ ကူးပြောင်းခရီးစဉ် နေရာပြခန်းမတစ်နေရာကို တွေ့ရစဉ်။

● *ကျောဖုံးမှ*

မိမိတို့နိုင်ငံ၌ တစ်နှစ်လျှင် စာအုပ်ပေါင်း ၄၇၀၀ ခန့် ထွက်ရှိနေပါကြောင်း၊ တစ်အုပ်လျှင် စောင်ရေ ၁၀၀၀ ဖြင့် ဆိုပါက တစ်နှစ်လျှင် အုပ်ရေ လေးသန်းကျော်ထုတ်ဝေလျက်ရှိသည်ဟု ဆိုနိုင်ကြောင်း၊ တစ်နှစ်တစ်နှစ်ထုတ်ဝေသည့် စာအုပ်များနှင့် နှိုင်းယှဉ်ပါက ပေးသည့်ဆုသည် မနှံ့စပ်ဟုဆိုရမည်ဖြစ်ပါကြောင်း။

စာပေဆု ချီးမြှင့်ရာတွင် လိုအပ်နေသည့် ကွက်လပ်တစ်ခုကို ထွန်းဖောင်ဒေးရှင်း စာပေကော်မတီက ထွန်းဖောင်ဒေးရှင်း စာပေဆုအဖြစ် ချီးမြှင့်ခဲ့ရာ ယခုအခါ ဆဋ္ဌမအကြိမ်တိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ထွန်းဖောင်ဒေးရှင်း စာပေဆုကဲ့သို့ပင် ဆရာဝန်တင်ရွှေ စာပေဆု၊ သုတစွယ်စုံစာပေဆု၊ ပခုက္ကူ ဦးအုံးဖေ စာပေဆုများကိုလည်း ချီးမြှင့်လျက်ရှိရာ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့်အတူ တစ်ထောင့်တစ်နေရာမှ ပံ့ပိုးဖြည့်ဆည်းမှုများပင် ဖြစ်ပါကြောင်း၊ ပုဂ္ဂလိက စာပေဆုများ ထပ်မံပေါ်ပေါက်လာပါကလည်း ကြိုဆိုလျက်ရှိပါကြောင်း။

အထောက်အကူပြု

ယနေ့ ချီးမြှင့်သည့် စာပေဆုများတွင် နိုင်ငံနှင့်လူမျိုးအတွက် သိကောင်းစရာများ ပါဝင်သည်ကိုတွေ့ရသည့်အပြင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားသည့် စာအုပ်နှင့် စာမူများအား ဆုချီးမြှင့်ထားသည်ကို တွေ့ရရာ မြန်မာစာပေအတွက်ရော၊ အင်္ဂလိပ်ဘာသာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ များစွာအထောက်အကူပြုသွားမည် ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မိမိတို့နိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာ၌ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင် မဏ္ဍိုင်သုံးရပ်တည့်မတ်ရန်လိုပြီး ယင်းမဏ္ဍိုင်သုံးရပ်ကို စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာနယ်ဇင်းမဏ္ဍိုင်က ထိန်းကျောင်းတည့်မတ်ပေးရမည်ဟု ဆိုထားပါကြောင်း၊ ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် အရာရာကို အဆုံးအဖြတ်ပေးမည်မှာ ပြည်သူဖြစ်၍ ပြည်သူသည် ပဉ္စမမဏ္ဍိုင် ဖြစ်မလားဟု တွေးမိကြောင်း၊ ပြည်သူများ မှန်မှန်ကန်ကန် ဆင်ခြင်သုံးသပ်ဆုံးဖြတ်နိုင်ရန် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင် မဏ္ဍိုင်သုံးရပ်နှင့် စတုတ္ထမဏ္ဍိုင်တို့က အပြန်အလှန်ဆောင်ရွက်ပေးရမည်ဟု ထင်မြင်ယူဆပါကြောင်း။

အသိပညာ ဗဟုသုတများပေးဝေမည့် စတုတ္ထမဏ္ဍိုင်နှင့်စပ်လျဉ်း၍ စာနယ်ဇင်းများ ဘက်မလိုက်ရန်၊ အကြောင်းအရာတစ်ရပ်ကို ရေးသားဖော်ပြရာတွင် ပြည်သူများ မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်နိုင်ရေးအတွက် ဘက်စုံကဏ္ဍစုံက လေ့လာဖော်ထုတ်ရေးသားရန်၊ ယင်းသို့ ရေးသားရာ၌ လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားတို့ရှိရန်၊ ဒီမိုကရေစီခေတ်ဖြစ်၍ လွတ်လပ်စွာတွေးခေါ်ယူဆခွင့်၊ ကွဲပြားထင်မြင်ခွင့်များ ရှိနိုင်သကဲ့သို့ Unity and Democracy ကိုလည်း ထင်ဟပ်ဖော်ဆောင်နိုင်ရန်နှင့် အမျိုးသားရေးကို အခြေခံဆောင်ရွက်ရန် စသည့် အချက် (၅)ချက်သည် အနာဂတ်ကိုသွားရာတွင် စတုတ္ထမဏ္ဍိုင်အနေဖြင့် ရှေးရှုရမည့် အချက်များဟု ယူဆပါကြောင်း။

ယခုအခါ မိမိတို့အနေဖြင့် စာပေ စာနယ်ဇင်းဥပဒေကို ရေးဆွဲလျက်ရှိပါကြောင်း၊ ယင်းဥပဒေသည် ပိတ်ပင်ရန်၊ တားဆီးရန်မဟုတ်ဘဲ စစ်မှန်သည့် စတုတ္ထမဏ္ဍိုင်ဖြစ်စေရန် ရည်ရွယ်ရေးဆွဲနေခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများ၊ အာဆီယံနိုင်ငံများ အပါအဝင် လက်လှမ်းမီသမျှ နိုင်ငံများမှ ဥပဒေများကို လေ့လာ၍ စာပေ စာနယ်ဇင်းဥပဒေကို ရေးဆွဲနေခြင်းဖြစ်ကြောင်း၊ မိမိတို့ ရေးဆွဲနေသည့် ဥပဒေသည် အာဆီယံနိုင်ငံများ စံထက် မနိမ့်ကျဟု ပြောလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီနာယက ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ စာကောင်းပေမွန်များ ပေါ်ထွက်လာရေးနှင့် စာဖတ်ပရိသတ် တိုးပွားလာရေးကို ရည်ရွယ်ချက်၊ ရည်မှန်းချက်ထားရှိပြီး ယခုကဲ့သို့ စာပေဆုများ ချီးမြှင့်လာခဲ့သည်မှာ ဆဋ္ဌမအကြိမ်ရောက်ရှိခဲ့ပြီ ဖြစ်ပါကြောင်း။

ထွန်းဖောင်ဒေးရှင်းစာပေဆုပေးပွဲကို ၂၀၀၅ ခုနှစ်မှစ၍ တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းသည် နိုင်ငံအကျိုးပြုစာပေနှင့် စာကောင်းပေမွန်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ထွန်းဖောင်ဒေးရှင်းသည် အများပြည်သူအကျိုးအတွက် တတ်စွမ်းသမျှ ကူညီဖြည့်ဆည်းနိုင်ရေးကို ရည်ရွယ်ချက်ထားရှိပြီး တည်ထောင်ထားသော အဖွဲ့အစည်းဖြစ်သည့်အတွက် ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ဘက်စုံကဏ္ဍစုံ၌ အထောက်အကူပြုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီဝင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နာယက ဦးမြင့်ကြွယ်က ဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်အကျဉ်းကို တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ထွန်းဖောင်ဒေးရှင်း တစ်သက်တာ စာပေဆုရ အငြိမ်းစားသံအမတ်ကြီး ဝဏ္ဏကျော်ထင် ဦးသက်ထွန်း ကိုယ်စား ဦးသော်ကောင်းအား လည်းကောင်း၊ "Aspects of Myanmar History And Culture" စာအုပ်ဖြင့် ဆုရ ဦးသော်ကောင်းအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် “ပြည့်စုံမြန်မာ-အင်္ဂလိပ်အဘိဓာန်” စာအုပ်ဖြင့် ဆုရ စံလွင်နှင့် “ဘုရင့်နောင်မင်းတရားကြီးဘဝ အတွေးအခေါ်၊ ယုံကြည်ချက်နှင့် ဆောင်ရွက်ချက်များ” စာအုပ်ဖြင့် ဆုရဒေါက်တာတိုးလှ၊ “သွေးချိုရောဂါအကြောင်း သိသင့်သမျှ” စာအုပ်ဖြင့် ဆုရ ပါမောက္ခနေဝင်း(ဆေးပညာ)၊ “မြန်မာနိုင်ငံဘဏ် လုပ်ငန်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ” စာအုပ်ဖြင့် ဆုရ ဦးသိန်းခိုင်(ဘဏ်)၊ “ဓမ္မစေတီ ခေါင်းလောင်းကြီး၏ လျှို့ဝှက်ချက်များ” စာအုပ်ဖြင့် ဆုရ ချစ်စံဝင်း၊ “ကိုလိုနီခေတ် မြန်မာစာပေသမိုင်း” စာအုပ်ဖြင့် ဆုရ မောင်ခင်မင်(ဓနုဖြူ)၊ “ကိုလိုနီခေတ် မြန်မာ့သမိုင်းအဘိဓာန်” စာအုပ်ဖြင့် ဆုရ မြဟန်၊ “A Chronicle of the Mons" စာအုပ်ဖြင့် ဆုရ ဦးထွန်းအောင်ချိန် ကိုယ်စား ဦးစိုးဝင်း၊ “လက်ဝဲသုန္ဒရဘွဲ့ခံ ဦးမြတ်စံ” စာအုပ်ဖြင့် ဆုရ ထွန်းရီ (ရှေးဟောင်း သုတေသီ)၊ “လျှို့ဝှက်စစ်ရေး တာဝန်ခရီးမှ ပုံရိပ်များ” စာအုပ်ဖြင့် ဆုရ သခင်လှကွန်းကိုယ်စား သမီး ဒေါ်အေးအေးကွန်း၊ “အသံလွင့် အနုပညာ” စာအုပ်ဖြင့် ဆုရ ကိုဖိုးအေး (မြန်မာ့အသံ)၊ "War and Tactics in Traditional Myanmar" စာမူဖြင့် ဆုရ ဒေါက်တာမျိုးမြင့်၊ “ ရွှေရတုဘဘစစ်ဆင်ရေး” စာမူဖြင့် ဆုရ တိမ်ဦး၊ “လက်ဝဲနော်ရထာ၏ ဆင်ဖြူရှင်မင်းတရားကြီး အရေးတော်ပုံ သမိုင်းတော်” စာမူဖြင့် ဆုရ ကျော်ဆွေဦးနှင့် “အရုဏ်ဦးမှာ ဖူးတဲ့ပန်းကလေး ကဗျာများ” စာမူဖြင့် ဆုရ ရွှေမြိုင်ပြုံးလဲ့မော်တို့အား ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီနာယက ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီဝင်များ၊ ထွန်းဖောင်ဒေးရှင်း စာပေဆု ရွေးချယ်ရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီနာယက ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက ထွန်းဖောင်ဒေးရှင်းစာပေဆုရွေးချယ်ရေးကော်မတီသို့ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ရာ ဆုရွေးချယ်ရေး ကော်မတီဝင် ဦးလှထွန်း (လှထွန်း-တွံတေး)က လက်ခံသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်း ဆဋ္ဌမ အကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၁၁) စာပေဆု ချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ဆဋ္ဌမအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၁၁) စာပေဆုရ စာအုပ်များ၊ ဆုရစာမူများနှင့် ထွန်းဖောင်ဒေးရှင်းဘဏ်မှထုတ်ဝေသည့် စာအုပ်များကို ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ တောင်သူပညာပေး အဆင့်မြင့်လယ်ယာမြေဧက (၄၀) စိုက်ကွင်း၌ ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

တောင်သူများ တွက်ခြေကိုက်၊ ဝင်ငွေတိုးမည့် မျိုးကောင်းမျိုးသန့်များ ရရှိစိုက်ပျိုးနိုင်ရေး ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့ထုတ်လုပ်ငန်းများ ထိရောက်ကျယ်ပြန့်စွာဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ တောင်သူပညာပေးအဆင့်မြင့်လယ်ယာမြေဧက (၄၀) စိုက်ကွင်း၌ ဗီယက်နမ်ပုလဲသွယ် စပ်မျိုးစပါး ၁၁ မျိုး၏ ၈၈ ရက်သားသက်တမ်း၌ ပန်းစတင်ပွင့်နေမှု၊ ဗီယက်နမ်စပ်မျိုးစပါး မျိုးစေ့ထုတ်စမ်းသပ် စိုက်ခင်းတစ်ဧက၏ အဖိုလိုင်း၊ အမလိုင်းပင်များ ပန်းပွင့်ချိန်ကာလ အချိန်ကိုက် သန်မာဖြစ်ထွန်းနေမှုနှင့် တစ်ဧက ပျမ်းမျှတင်း ၅၀ အထက် ထွက်ရှိမည့် ဆီစားနေကြာ အိန္ဒိယစပ်မျိုး F-1 စိုက်ခင်း၏ ၇၀ ရက်သားတွင် ပန်းခိုင်များ စုံလင်စွာဖူးပွင့်နေမှု၊ တောင်သူပညာပေး သခွားမွေးစိုက်ခင်းတွင် ရွှေသခွားမွေး၊ ကျောက်စိမ်းသခွားမွေး၊ ပုလဲသခွားမွေးများ F-1 မျိုးစေ့ စပ်မျိုးထုတ်လုပ်ရန် အဖိုလိုင်းနှင့် အမလိုင်းပင်များ စိုက်ပျိုးပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက မျိုးကောင်းမျိုးသန့်မျိုးစေ့ ထုတ်လုပ်မှုများကို စတင် စိုက်ပျိုးချိန်၊ ဝတ်မှုန်ကူးချိန်၊ မျိုးစေ့ရယူချိန်အထိ ဓာတ်ပုံမှတ်တမ်းများဖြင့် အဆင့်ဆင့် ပြည့်စုံစွာ မှတ်တမ်းထားရှိပြီး ပညာရှင်အချင်းချင်း အတွေ့အကြုံများ၊ အခက်အခဲများ ဆွေးနွေးဆောင်ရွက်ပြီး ခိုင်မာသော နည်းပညာပိုင်းအချက်အလက်များကို စနစ်တကျ မှတ်တမ်းပြုစုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မျိုးစေ့ထုတ်နည်းပညာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြန့်ပွားရောက်ရှိအောင် ဆောင်ရွက်ရန်လိုအပ်ပြီး သက်ဆိုင်ရာဒေသများအလိုက် ဒေသနှင့်ကိုက်ညီသော မျိုးစေ့ထုတ်လုပ်ငန်းများ ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်ကြမှသာ တောင်သူလယ်သမားများ တွက်ခြေကိုက်၊ ဝင်ငွေတိုးမည့် မျိုးကောင်းမျိုးသန့်များအား လက်လှမ်းတမီ ရရှိစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ကျားကူးအနောက်ရွာအနီးရှိ အဆင့်မြင့် စက်မှုလယ်ယာစနစ် စံပြဧက ၁၀၀ စိုက်ခင်းဖော်ထုတ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မြင်းကောင်ရေ ၉၀ ရှိ ဆိုနာလီကာ အိန္ဒိယထွန်စက်ကြီး ငါးစီးဖြင့် မြေညှိခြင်း (Leveling) ဆောင်ရွက်နေမှု၊ ကုန်ထုတ်လမ်းများ၊ ရေသွင်း၊ ရေနုတ်မြောင်းများ၊ ကန်သင်းဖော်ခြင်းလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက အဆင့်မြင့်စက်မှုလယ်ယာစနစ် စံပြဧက (၁၀၀) စံပြစိုက်ကွင်းတွင် ပုလဲသွယ်စပ်မျိုးစပါးငါးဧက ပျိုးထောင်ပြီးစီးမှု၊ မျိုးစေ့အလုံအလောက် ဖြည့်တင်းထားရှိမှု၊ ဝန်ထမ်းများနေရာချထားမှုတို့ကို နွေစပါး စိုက်ပျိုးရာသီချိန်မီ အချိန်ကိုက် ဆောင်ရွက်မည့် အစီအစဉ်နှင့် တရုတ်နိုင်ငံ CETC ကုမ္ပဏီနှင့် ပုလဲသွယ်စပ်မျိုးစပါးF-1 မျိုးစေ့ထုတ်လုပ်ငန်းကို တစ်ချိန်တည်း တစ်ပြိုင်တည်း အချိန်မီဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ငန်း၏ အရေးကြီးဆုံး သော့ချက်မှာ ရေသွင်းရေထုတ်စနစ် မှန်ကန်ပြီး ဝတ်မှုန်ကူးချိန် တိုက်ဆိုင်ရန် ဖြစ်ကြောင်း၊ မြေပြုပြင်ခြင်း၊ မြေညှိခြင်း မမှန်ပါက ရေသွင်းရေထုတ်မမှန်၍ မျိုးစေ့ထုတ်လုပ်ငန်း မအောင်မြင်မထိရောက်နိုင်ကြောင်း၊ ထို့ကြောင့် ပင်မမြောင်းမှ မြောင်းလက်တံတစ်ခုချင်း ရေသွင်းစမ်းသပ်၍ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ကူညီဆောင်ရွက်

ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်သည့်လုပ်ငန်းကို နိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နေသည့်အဆင့်မှ ရေရှည်၌ မိမိခြေထောက်ပေါ် ရပ်တည်နိုင်ရန် မိဘလိုင်းများ မိမိလက်ဝယ် မဖြစ်မနေ ခိုင်ခိုင်မာမာရှိနေရန် ရည်မှန်းချက်အဖြစ် ဆောင်ရွက်ကြရမည်ဖြစ်ပြီး မိဘလိုင်းများ ပိုင်နိုင်စွာ ထိန်းသိမ်းလျက် တစ်နိုင်ငံလုံးပျံ့နှံ့လာစေရန် နိုင်ငံတစ်ဝန်း ပုဂ္ဂလိကကုမ္ပဏီများပါ ပါဝင်ပူးပေါင်းလက်တွဲ စိတ်ဝင်စားစွာ ဆောင်ရွက်လာကြစေရေး ကူညီဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း။

ဤနေရာသည် စံပြမျိုးစေ့ထုတ်စိုက်ကွင်းဖြစ်သည်နှင့်အညီ တောင်သူများ၊ လုပ်ငန်းရှင်များအား ပိုင်ပိုင်နိုင်နိုင် စံနမူနာပြသရမည်ဖြစ်၍ ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဌာနများမှ တာဝန်ခံများ၊ ပညာရှင်များက နေ့ညဆောင်ရွက်လျက် သုတေသနမှတ်တမ်းတင်ပြီး အားနည်းချက်၊ အားသာချက်များကို ပြုစုမှတ်တမ်းတင်ရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းဒေသ ပုလဲသွယ်စပ်မျိုးစပါး လေးမျိုး သုတေသနစိုက်ခင်းကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ အဆင့်မြင့်လယ်ယာမြေ (၃၆၉) ဧကစိုက်ကွင်း၌ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိသော ပုလဲသွယ်စပ်မျိုးစပါး F-1 စိုက်ခင်းကိုလည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် အဆင့်မြင့်လယ်ယာမြေ ၉၄၅ ဧက စိုက်ကွင်းကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် သစ်တပ်ကုန်းရွာအနီး ပုလဲသွယ်စပ်မျိုးစပါး အဖိုလိုင်း(R) မျိုးစေ့ထုတ်စိုက်ခင်း ၃ ဒသမ ၈ ဧက၏ ၃၅ ရက်သားသက်တမ်းတွင် ဖြစ်ထွန်းနေမှုနှင့် အဆင့်မြင့်စက်မှုလယ်ယာစနစ်ဧက (၃၀) စိုက်ကွင်းအတွင်း အစေ့မဲ့ဖရဲ F-1 မျိုးစေ့မျိုးထုတ်လုပ်ခြင်း နှစ်ဧကစိုက်ခင်း၏ ၄၇ရက်သားတွင် ပန်းပွင့်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်အမျိုးသားနေ့ ပျော်ပွဲရွှင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

မွန်အမျိုးသားနေ့ ကျင်းပရေးကော်မတီ(ရန်ကုန်)က ကြီးမှူး၍ (၆၅)ကြိမ်မြောက် မွန်အမျိုးသားနေ့ ပျော်ပွဲရွှင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် မွန်ရိုးရာ ယဉ်ကျေးမှုယိမ်းများ၊ ခေတ်ပေါ်မွန်တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေပြီး မွန်ရိုးရာအစားအသောက်နှင့် ပစ္စည်းအရောင်းဆိုင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မည်သူမဆို လွတ်လပ်စွာ အားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် သက်ကြီးဘိုးဘွားများအား အထွေထွေကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပရာ သက်ကြီးအဘိုးအဘွားများအား ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်မိုးသူတင့်နှင့် အဖွဲ့ဝင်များကအာဟာရ မုန့်များနှင့် ဆေးဝါးများ ထောက်ပံ့ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ပွင့်ဖြူမြို့နယ်၌ အမေနေ့ အထိမ်းအမှတ်ကျင်းပ

ပွင့်ဖြူ ဖေဖော်ဝါရီ ၄

ပွင့်ဖြူမြို့နယ် အင်းဒေါင်းကျေးရွာအုပ်စု အင်းဒေါင်းမုန်းမြင့်ကျေးရွာ၌ အမေနေ့အထိမ်းအမှတ်အဖြစ် (၁၁)ကြိမ်မြောက် အသက် ၈၀ နှင့်အထက် သက်ကြီးပူဇော်ပွဲကို ဇန်နဝါရီ ၈ ရက်က ရွာလယ်ဓမ္မာရုံ၌ ကျင်းပရာ အဘိုး ကိုးဦးနှင့် အဘွား ၂၁ ဦးတို့အား ငွေကျပ် ၁၀၀၀၀ စီကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးညွန့်ဝင်း၊ လူမှုရေးအဖွဲ့အစည်းများနှင့် ကျေးရွာပြည်သူများက ပူဇော်ကန်တော့ခဲ့ကြကြောင်းသိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အင်းလေးကန်ရေရှည်တည်တံ့ရေး နုန်းစစ်ပေးသည့် သာစည်နဒီကန် ပြန်လည်တူးဖော်

ညောင်ရွှေ ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့တွင်းရှိ သာစည်နဒီကန်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ခန့်က တူးဖော်ခဲ့သည့်ကန်ဖြစ်သည်။ အင်းလေးကန်၏ နုန်းစစ်ကန်ဖြစ်ပြီး နှစ်ပေါင်းများစွာ နုန်းအနည်များကျမှုကြောင့် တိမ်ကောလာခဲ့ပြီဖြစ်ရာ ယခုအခါသဲနုန်းများ တူးဖော်ဖယ်ရှားလျက်ရှိသည်။ ထိုသို့ သဲနုန်းများဖယ်ရှားနိုင်ခြင်းဖြင့် ရေပိုမိုသိုလှောင်နိုင်ပြီး လယ်မြေဧက ၆၀၀ ခန့် ရေလုံလောက်စွာ ပေးသွင်းနိုင်မည့်အပြင် အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။ အဆိုပါ သာစည်နဒီကန် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းကို ဆည်မြောင်းဦးစီးဌာနမှ ဇန်နဝါရီ ၂၀ရက်က ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူနှင့် ရှမ်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးဝင်းမြင့်တို့ ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ (ယာပုံ) (ဝ၅၄)

အလှူငွေပေးအပ်ပွဲ ဒလမြို့၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် အုံ့ကြီးအရှေ့ရပ်ကွက်တွင် ဖေဖော်ဝါရီ ၂ ရက် နံနက် ၈ နာရီက သမိုင်းဝင်မျက်ရှင်တော် ဆုတောင်းပြည့်မဟာသကြိန် ဘုရားကြီး နောင်တော်ကြီး ရုပ်ပွားတော်မြတ် ဒေသစာရီကြွချီ အပူဇော်ခံပွဲအတွက်အုံ့ကြီးအရှေ့ရပ်ကွက်က အလှူငွေပေးအပ်ခြင်းနှင့် သမတကမ်းခြေရပ်ကွက်သို့ ပင့်ဆောင်ပူဇော်ခြင်းအခမ်းအနားကိုဂုဏ်အပူဇော်ခံမဏ္ဍပ်၌ကျင်းပသည်။

အခမ်းအနားတွင် အုံ့ကြီးအရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းဦးက အလှူခံရရှိမှုစုစုပေါင်း အလှူငွေကျပ် ၈၃၀၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဘုရားကြီး ဘက်စုံမွမ်းမံပြင်ဆင်ရေးအဖွဲ့ ဥက္ကဋ္ဌတို့ထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (သန်းဌေး-ဒလ)

ရွှေကူမြို့နယ် အခြေခံပညာမူလတန်း(လွန်)ကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ရွှေကူ ဖေဖော်ဝါရီ ၄

ကချင်ပြည်နယ် ရွှေကူမြို့နယ် ဇင်းဘုံကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ မြို့နယ်ပညာရေးမှူး ဒေါ်လုမိုင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ပညာရေးနယ်မြေမှူးနှင့် ရေလဲအထက(ခွဲ)ကျောင်းအုပ်ဆရာကြီး ဦးသန်းဦးတို့က အမှာစကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက ကျောင်းဆောင်သစ်နှင့်ပတ်သက်၍ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့်စာရွက်စာတမ်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးက မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။ အဆိုပါကျောင်းဆောင်သစ်မှာ အလျားပေ ၁၀၀၊ အနံပေ ၃၀၊ အမြင့် ၂၃ ပေရှိပြီး အုတ်ညှပ်၊ သွပ်မိုးနှစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ဒိုက်ဦးမြို့နယ်၌ အမျိုးသမီးဘောလုံးပြိုင်ပွဲဖွင့်

ဒိုက်ဦး ဖေဖော်ဝါရီ ၄

၂၀၁၂ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် ညနေ ၃ နာရီခွဲက မြို့နယ်ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဒိုက်ဦးမြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ (ယာပုံ) ပြိုင်ပွဲတွင် ရပ်ကွက်ဘောလုံးအသင်း သုံးသင်း၊ ကျေးရွာအုပ်စုဘောလုံးအသင်း ငါးသင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ကွင်းဖွင့်ပွဲတွင် ဝါဆိုရပ်ကွက် အမျိုးသမီးဘောလုံးအသင်းက ဒိုးတန်းကျေးရွာအုပ်စု အမျိုးသမီးဘောလုံးအသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်းသိရှိရသည်။ (မြို့နယ် အား/က)

စာအုပ် စာပေ လူ့မိတ်ဆွေ

အတ္တရှေ့တန်းတင်သူများကို ဟန့်တားသင့်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်မြို့နေ ပြည်သူအများစုမှာ ဘတ်စ်ကားကို နေ့စဉ်အားထားကာ သွားလာလုပ်ကိုင်နေရသည်။ အစိုးရဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ ပုဂ္ဂလိကဝန်ထမ်း၊ လက်လုပ်လက်စား၊ ကျောင်းသား ကျောင်းသူမှစ၍ ဈေးရောင်း၊ ဈေးဝယ်သူများအားလုံး ပါဝင်ကြသည်။

ဘတ်စ်ကားစီးရန် ဘတ်စ်ကားမှတ်တိုင်၌ ကားစောင့်ရသည့်အခါ ယခင်က နေပူမိုးရွာမရှောင် အမိုးအကာမရှိရာသီဥတုဒဏ်ကိုခံစားရင်း ဟင်းလင်းပြင်၌ ဘတ်စ်ကားကို စောင့်စားရသည်။ ယခုအခါ ဘတ်စ်ကားမှတ်တိုင် အတော်များများ၌ စေတနာရှင်များက ခရီးသွားကြမည့်သူများ သက်သောင့်သက်သာ သွားလာနိုင်စေရန် ခရီးသည်နားခိုဆောင်များ ဆောက်လုပ်လှူဒါန်းထားကြသည်ကို တွေ့ရှိရသည်။

အချို့က ကိုယ်ကျိုးမဖက် စေတနာသက်သက်ဖြင့် ဆောက်လုပ်လှူဒါန်းကြသည်များရှိသကဲ့သို့ အချို့စီးပွားရေးလုပ်ငန်းများကလည်း မိမိတို့၏ထုတ်ကုန်ပစ္စည်းများကို ကြော်ငြာရင်း အတ္တ-ပရမျှတစွာဖြင့် နှစ်ဖက်အကျိုးရှိမည့် ခရီးသည်နားခိုဆောင်များကို ရန်ကုန်မြို့တော်စည်ပင်၌ ခွင့်ပြုချက်ရယူကာ ဆောက်လုပ်လှူဒါန်းကြသည်။

မည်သို့ပင်ဖြစ်စေ ခရီးသွားပြည်သူများ မိုးဒဏ်၊ နေပူဒဏ်တို့မှ ကင်းဝေးကာ ခရီးသည်နားခိုဆောင်၌ နားခိုကာ ဘတ်စ်ကားကို စောင့်စားစီးနင်းခွင့်ရရှိသဖြင့် အလှူရှင်များအား ကျေးဇူးတင်သာဓုခေါ်ဆိုကြမည်ဖြစ်ပါသည်။ သို့ရာတွင် စေတနာရှင်၊ အလှူရှင်များ၏ စေတနာကို ဂရုမထား၊ ခရီးသွားပြည်သူများ၏မျက်နှာကိုမကြည့်၊ မိမိတို့၏ အတ္တအကျိုးတစ်ခုတည်းကို ရှေ့တန်းတင်ပြီး လုပ်ဆောင်နေကြသူအချို့ကို တွေ့မြင်နေရသည်။ ထိုသူတို့မှာ ခရီးသွားပြည်သူများအား မိမိတို့၏အကျိုးစီးပွားကို ပိတ်ဆို့နှောင့်ယှက်ကြသူများဟု မျက်စောင်းတခဲခဲဖြင့် ပြုစူနေကြသည့် ခရီးသည်နားခိုဆောင်အောက်၌ ဈေးရောင်းနေကြသူများ၊ မိမိတို့ စီးပွားရေးလုပ်ငန်း အကျိုးတစ်ခုတည်းကိုသာကြည့်ပြီး ခရီးသည်နားခိုဆောင်ရှိ ကြော်ငြာပေါ်၌ ရုပ်မပေါ်အောင်ကပ်ထားသော စက္ကူကြော်ငြာများ၊ မိမိတို့၏ စိတ်ကျေနပ်နှစ်သိမ့်မှုတစ်ခုတည်းကိုသာကြည့်ပြီး နားခိုဆောင်ရှိ ကြော်ငြာဘုတ်ကို သဘော်မှုတ်ဆေးဘူးဖြင့်မှုတ်ကာ ဖျက်ဆီးကြသူများ၊ ကြော်ငြာပိုစတာများကို ဆုတ်ဖြဲထားကြသူများနှင့် ခရီးသည်နားနေဆောင်ရှိ ထိုင်ခုံများကို ဖျက်ဆီးကြသူများဖြစ်ကြသည်။

ထိုသူတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အရေးယူမှုများ ပြုလုပ်နေသည်ဟု သိရသော်လည်း အထက်ပါအတ္တအကျိုးတစ်ခုတည်းကိုကြည့်ပြီး လုပ်ဆောင်နေကြသူများကား လျော့မသွား၊ ခရီးသည်နားခိုဆောင် အတော်များများ၌ ၎င်းတို့၏လက်ရာဒဏ်ရာဒဏ်ချက် အတော်များများကို တွေ့မြင်နေရဆဲပင်ဖြစ်သည်။ ရန်ကုန်မြို့၏ ရုပ်ဆင်းအင်္ဂါကို ညှိုးနွမ်းအောင် ဖျက်ဆီးနေသူများ၊ စေတနာရှင်အလှူရှင်များနှင့် ခရီးသွားပြည်သူများ၏ မျက်နှာကိုမကြည့်ဘဲ မိမိတို့၏ အတ္တအကျိုးတစ်ခုတည်းကိုသာ ရှေ့တန်းတင်လုပ်ဆောင်နေကြသူများအား ထိရောက်သော ဟန့်တားမှုများပြုလုပ်သင့်ပြီဟု ဆိုချင်ပါသည်။ (မောင်လှိုင်)

ထန်းတပင်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုးလမ်းသစ်ဖွင့်

ထန်းတပင် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကလိန်ကျေးရွာ၌ ဇန်နဝါရီ ၂၈ ရက်က ထန်းတပင် ကလိန်ကျေးရွာဆက်ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပသည်။ အဆိုပါလမ်းသစ်ကို ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ပုံ) (ဝ၄၈)

ဈေးဝယ်သူ၏ စားကုန်အညွှန်း

အမေး၊ အရေး- မြင့်မောင်စိုး

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မြို့မဈေး၌ ဖေဖော်ဝါရီ ၄ ရက်(စနေနေ့)တွင် ဈေးဝယ်စဉ်မေးမြန်းသိရှိရသော အခြေခံစားကုန်ဈေးနှုန်းများကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်-

ကုန်ပစ္စည်းအမည်	သင့်ငွေ(ကျပ်)	မှတ်ချက်
ပေါ်ဆန်းမွှေး(ရှယ်)တစ်ပြည်	၁၃၀၀	အတက်အကျရှိ
ဧယာဆန်တစ်ပြည်	၈၅၀	။
ပဲဆီသန့်တစ်ပိဿာ	၃၅၀၀	။
နှမ်းဆီတစ်ပိဿာ	၂၄၀၀-၂၅၀၀	။
ကြက်သားတစ်ပိဿာ	၃၀၀၀	အကောင်လိုက်ဈေး
ကြက်သားတစ်ပိဿာ	၄၀၀၀	အသားဈေး
ဝက်သားတစ်ပိဿာ	၅၀၀၀	အတက်အကျရှိ
အမဲသားတစ်ပိဿာ	၅၀၀၀	။
ငါးကြင်းတစ်ပိဿာ	၂၂၀၀	။
ကြက်ဥ ၁၀ လုံး	၁၀၀၀	။
ဘဲဥ ၁၀ လုံး	၁၁၀၀	အဝင်များ
ကြက်သွန်ဖြူ(ရှမ်းမွှားကြီး)တစ်ပိဿာ	၁၄၀၀	အတက်အကျရှိ
ကြက်သွန်နီတစ်ပိဿာ	၅၀၀	အသစ်ထွက်၍ဈေးချို
အာလူးတစ်ပိဿာ(အလုံးကြီး)	၇၀၀-၈၀၀	အတက်အကျရှိ
အာလူးတစ်ပိဿာ(အလုံးလတ်သေး)	၅၀၀	လှိုင်လှိုင်ထွက်၍ဈေးချို
ပန်းဂေါ်ဖီတစ်ထုပ်	၂၅၀-၃၀၀	လှိုင်လှိုင်ထွက်
ဂေါ်ဖီထုပ်တစ်ထုပ်	၃၀၀-၄၀၀	လှိုင်လှိုင်ထွက်
မရန်းသီးတစ်ဆယ်သား	၁၀၀၀	ပေါ်ဦးပေါ်ဖျား
ခရမ်းချဉ်သီးတစ်ပိဿာ	၅၀၀	လှိုင်လှိုင်ထွက်၍ဈေးချို

(မြန်မာ့အလင်း)

ဆုချီးမြှင့်

မရမ်းကုန်းမြို့နယ် အမက (၁၄)၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပရာ မြို့နယ်အဆင့် စာပေဘာသာ ပထမဆု၊ မြို့နယ်အဆင့်ဘက်စုံထူးချွန် ဒုတိယဆု၊ မြို့နယ်ဆုပေါင်းခြောက်ဆုရရှိသော စတုတ္ထတန်းမှ မောင်စွမ်းထက်နိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အေး ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ကြက်ခြံမှအနံ့ဆိုး ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရှမ်းစုကျေးရွာ လမ်းသစ်လမ်းမကြီးပေါ်ရှိအိမ်များကြား၌ ကြက်များကို စီးပွားဖြစ်မွေးမြူလုပ်ကိုင်လျက်ရှိရာ ပတ်ဝန်းကျင်ရှိနေအိမ်များမှာ ကြက်ခြံမှထွက်သော အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ရပါသဖြင့် လိုအပ်သလိုကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

ကျူးကျော်ဈေးသည်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

သာကေတမြို့နယ် အမှတ်(၇)ဈေးကြီးရှေ့ဘက် ပတ္တမြားလမ်းမပေါ်တွင် ပျံ့ကျကျူးကျော်ဈေးသည်များရောင်းချခြင်း၊ ပတ္တမြား (၁)လမ်းထိပ်တွင် ဆိုင်ခန်းငှားရမ်းထားသူများမှ စည်ပင်ပိုင်မြောင်းဖုံးကို ကျူးကျော်၍ ဆိုင်ခန်းများကို ချဲ့ထွင်ပြီး ပျံ့ကျဈေးသည်များအား လက်ခံထားရှိခြင်းတို့ကြောင့် ဈေးကြီးအတွင်းရှိ ဆိုင်ခန်းပိုင်ရှင်များထိခိုက်နစ်နာပါသဖြင့် အဆိုပါကျူးကျော် ဈေးသည်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ဆိုင်ခန်းပိုင်ရှင်များ

စည်းကမ်းမဲ့ဈေးသည်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

တွံတေးမြို့ အုန်းပင်စုရပ်ကွက် နဝဒေးအထက်လမ်းတွင် စည်းကမ်းမဲ့ဈေးသည်များကြောင့် ယာဉ်ကြောပိတ်ဆို့ခြင်း၊ သွားလာရန် ခက်ခဲခြင်းတို့အပြင် ၎င်းဈေးသည်များမှ စွန့်ပစ်အမှိုက်များကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရကာ ကျန်းမာရေးထိခိုက်နိုင်ပါသောကြောင့် အဆိုပါစည်းကမ်းမဲ့ဈေးသည်များအား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

တွံတေးသား

ပ ဥ္စ မ အ ကြိ မ် မြော ာ က်

အနုပညာရှင်များ၏ မိဘမဲ့ကလေးများ ရန်ပုံငွေ ဈေးရောင်းပွဲ

နာမည်ကြီးအနုပညာရှင်ပေါင်းများစွာမှ

ကိုယ်တိုင်ပါဝင်လုပ်အားပေးရောင်းချပေးမည်ဖြစ်ပါသည်

MCC ခန်းမ (မင်းဓမ္မလမ်း) ၅-၂-၂၀၁၂ (တနင်္ဂနွေနေ့)

ညနေ (၄)နာရီ မှ ည(၈)နာရီ

မြတ်ဆရာပူဇော်ပွဲ

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် ၂၀၀၂ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသည့် တပည့်များက မြတ်ဆရာ ဆရာမတို့အား ပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ချီးမြှင့်ပေးနိုင်ပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်-

နေ့ရက်- ၁၂-၂-၂၀၁၂ရက် (တနင်္ဂနွေနေ့)

အချိန်- နံနက် ၉း၀၀နာရီ

နေရာ- မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်ခန်းမ

ဆက်သွယ်ရန် - **ရန်ကုန်**
လင်းမင်း ဖုန်း-၀၉-၅၁၀၈၁၈၆
ဟိန်းနောင် ဖုန်း-၀၉-၂၀၁၅၃၈၀
မန္တလေး
အောင်စိုးထွန်း ဖုန်း-၀၉-၂၀၂၃၄၃၃
မိတ္ထီလာ
ဖြိုးဆက်နိုင် ဖုန်း-၀၉-၂၀၄၅၅၄၅
မျိုးမင်းထူး ဖုန်း-၀၉-၄၇၀၇၀၄၀၆

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် ၃၊ မြေကွက်တည်နေရာအမှတ် ၃၊ သီတာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးရာဖီရာမာန် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးရာဖီရာမာန် BTG - ၁၇၈၇၀၅ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ဟာမီဒါ MMO-၂၇၅၃၇၃ က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာ ၈၂/၁၂ရရှိသူ ဦးခင်မောင်ချို ၁၂/ပဘတ(နိုင်)၀၀၇၁၆၂က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မိတ္ထီလာမြို့၊ ပြည်သာယာ ၄လမ်းနေ
ရဲမှူးကြီး ဆယ်မောင်(ငြိမ်း)-ဒေါ်စိန်ငွေးတို့၏ တစ်ဦးတည်းသောသား

မောင်ထက်လင်းအောင်

A-G.T.I (Civil), B.Sc (Physics)
Q.C Supervisor, SYSCON Pte.Ltd, Singapore

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အေးရိပ်သာလမ်းနေ
ဒုတိယရဲမှူးအေးလွင် (သတင်းတပ်ဖွဲ့)-ဒေါ်ဝင်းကြည်တို့၏သမီး

မစုသန္တာကျော်

B.E (Civil)
Quantity Surveyor, ISO - Team Corporation Pte.Ltd, Singapore

တို့သည် ၃၁-၁-၂၀၁၂ရက် (အင်္ဂါနေ့)တွင် နှစ်ဖက်မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်ထက်လင်းအောင်-မစုသန္တာကျော်

အထူးကုဆရာဝန်ကြီးများနှင့် တိုင်ပင်ဆွေးနွေးနိုင်ခြင်း

နိုင်ငံခြားမှ အသည်းအစားထိုးဆရာဝန်ကြီးနှင့် ကျောက်ကပ်အစားထိုးဆရာဝန်ကြီးများသည် မြန်မာနိုင်ငံသို့ ဖေဖော်ဝါရီ ဒုတိယပတ်တွင် လာရောက်ရန် ရှိပါသဖြင့် အခမဲ့တိုင်ပင်ဆွေးနွေးလိုသော လူနာများအနေဖြင့် အောက်ဖော်ပြပါ ဖုန်းများသို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ပါသည်။

Myanmar Vertex Co.,Ltd.
ပုလဲကွန်ဒိုအဆောင်(စီ)အခန်း- G1-10
ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်
ဖုန်း-၀၉-၇၃၀၉၃၆၅၉၊ ၀၉-၅၁၇၃၆၇၁၊ ၀၉-၅၁၀၉၇၄၈၊ ၀၉-၇၃၀၉၃၃၃၅

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် အလုပ်ခန့်ထားနိုင်ရန်အတွက် အောက်ဖော်ပြပါအထူးပြုဘာသာရပ်များဖြင့် ဘွဲ့ရရှိသော အင်ဂျင်နီယာ/ဗိသုကာနှင့် မဟာအင်ဂျင်နီယာ/မဟာဗိသုကာများသည် သရုပ်ပြလစာနှုန်း(၅၉၀၀၀-၁၀၀၀-၆၄၀၀၀) ရာထူးနေရာများ၌ အလုပ်လျှောက်ထားနိုင်ပါသည်-

(က) **Civil**
(ခ) **Electronics**
(ဂ) **Electrical Power**
(ဃ) **Mechanical**
(င) **Mechatronics**
(စ) **Architecture**
(ဆ) **Metallurgy**

၂။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများ၊ သတ်မှတ်ချက်များပူးတွဲတင်ပြ၍ နီးစပ်ရာနည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ၂၉-၂-၂၀၁၂ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) **ခြောက်လအတွင်းရိုက်ထားသောပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ**
(ခ) **ဘွဲ့လက်မှတ်မိတ္တူ(တိုက်ဆိုင်စစ်ဆေးနိုင်ရန်အတွက် မူရင်းတင်ပြနိုင်ရမည်။)**
(ဂ) **ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။**
(ဃ) **ဝန်ထမ်းစာချုပ် ချုပ်ဆိုနိုင်ရမည်။**
(င) **ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံစာ၊**
(စ) **အကျင့်စာရိတ္တကောင်းမွန်ကြောင်းရဲစခန်းထောက်ခံစာ၊**
(ဆ) **အသက်ကန့်သတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။**
 (၁) **မဟာအင်ဂျင်နီယာနှင့် မဟာဗိသုကာဘွဲ့ရများသည် လျှောက်ထားသည့်ရက်တွင် အသက်(၂၈)နှစ်ထက်မကြီးရ။**
 (၂) **အင်ဂျင်နီယာနှင့်ဗိသုကာဘွဲ့ရများသည် လျှောက်ထားသည့်ရက်တွင် အသက်(၂၅)နှစ်ထက်မကြီးရ။**
(ဇ) **ခြောက်လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ**

၃။ မဟာအင်ဂျင်နီယာနှင့် မဟာဗိသုကာဘွဲ့ရများသည် အလုပ်ဝင်ရောက်ပြီးနောက် ဝန်ကြီးဌာန၏အခါအားလျော်စွာကျင်းပသော အရည်အချင်းစစ်စာမေးပွဲအောင်မြင်ပါက ပါရဂူဘွဲ့သင်တန်းများသို့ ဆက်လက်တက်ရောက်နိုင်ရမည်ဖြစ်သည်။

၄။ အင်ဂျင်နီယာနှင့်ဗိသုကာဘွဲ့ရများသည်လည်း အလုပ်ဝင်ရောက်ပြီးနောက် ဝန်ကြီးဌာန၏ အခါအားလျော်စွာကျင်းပသော အရည်အချင်းစစ်စာမေးပွဲအောင်မြင်ပါက မဟာဘွဲ့သင်တန်းများသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။

၅။ အသေးစိတ်သိလိုပါက နီးစပ်ရာနည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် အလုပ်ခန့်ထားနိုင်ရန်အတွက် M.Sc (Geology), M.Sc (Maths),M.Sc(Chemistry),M.Sc(Physics)နှင့် M.A(English) ဘွဲ့ရများသည် သရုပ်ပြလစာနှုန်း(၅၉၀၀၀-၁၀၀၀-၆၄၀၀၀) ရာထူးနေရာများ၌ အလုပ်လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများ၊ သတ်မှတ်ချက်များပူးတွဲတင်ပြ၍ နီးစပ်ရာ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ၂၉-၂-၂၀၁၂ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်-

(က) **ခြောက်လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊**
(ခ) **ဘွဲ့လက်မှတ်မိတ္တူ (တိုက်ဆိုင်စစ်ဆေးနိုင်ရန်အတွက် မူရင်းတင်ပြနိုင်ရမည်)**
(ဂ) **ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။**
(ဃ) **ဝန်ထမ်းစာချုပ် ချုပ်ဆိုနိုင်ရမည်။**
(င) **ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာ၊**
(စ) **အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာ၊**
(ဆ) **အသက်ကန့်သတ်ချက်မှာ လျှောက်ထားသည့်ရက်တွင် အသက်(၂၈)နှစ်ထက်မကြီးစေရ၊**
(ဇ) **ခြောက်လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ၊**

၃။ လျှောက်ထားသူသည် ဝင်ခွင့်စာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်ပါက လူတွေ့စစ်ဆေးခြင်းခံရမည်။

၄။ အောင်မြင်သူ M.Sc (Geology)ဘွဲ့ရများသည် အင်ဂျင်နီယာ ဘူမိဗေဒဘာသာရပ်များကို ကောင်းစွာသင်ကြားပေးနိုင်ရန် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် တစ်လသင်တန်း တက်ရောက်ရမည်။

၅။ အောင်မြင်သူ M.Sc (Geology) ဘွဲ့ရများသည် အလုပ်ဝင်ရောက်ပြီးနောက် ဝန်ကြီးဌာန၏ အခါအားလျော်စွာ ကျင်းပသော အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ပါက ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ဖွင့်လှစ်သော ဘွဲ့လွန်အင်ဂျင်နီယာဒီပလိုမာနှင့် မဟာအင်ဂျင်နီယာ ဘူမိဗေဒသင်တန်းသို့ တက်ရောက်ခွင့်ရှိမည် ဖြစ်သည်။

၆။ အသေးစိတ်သိလိုပါက နီးစပ်ရာ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်၊စံချိန်မီအဆင့်(၁)၊မြေကွက်အမှတ်(၈၇၂)၊ အမည်ပေါက် ဦးမင်းမောင်မောင်၏ မြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူ ဒေါ်သန္တာအောင် ၁၄/ဘကလ(နိုင်)၁၈၄၅၅၅က အရောင်းအဝယ်စာချုပ်(မူရင်း)နှင့်ငွေသွင်းချလန်(မူရင်း) တင်ပြပြီး မြေကွက်စလစ်(မူရင်း)ပျောက်ဆုံးသွားပါ၍မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်ရန်ရှိပါကအထောက်အထားမူရင်းများတင်ပြ၍၁၄ရက်အတွင်း သန်လျင်-ကျောက်တန်း ဒေသဖွံ့ဖြိုးရေး စီမံကိန်းရုံး၊မြေယာရုံးခွဲ-၁၅၊မြေနှင့်အခွန်ဌာနခွဲ၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၁၅)
မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဖြိုးလင်းအောင်၏ ၇၀/၇၈၇၂ ကားနံပါတ်ဖြင့် MFTB ဘဏ်မှ FEC ငွေသွင်းပြီးချလန်ပျောက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉ ၄၃၁၇၄၅၁၇

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်း ၁၂/ဗဟန(နိုင်)၀၄၅၂၀၄၊ TAK-၀၀၀၆၄၀၊ အမှတ် ၂၅၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ကျေးရွာအုပ်စု-လသာကုန်း၊ ကွင်းအကွက်အမှတ်နှင့်အမည်-၁၁၉၃·က ကျွဲတဲကုန်း၊ မြေကွက်အမှတ်-၁၆+၁၇(ယခုအခေါ်-ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘိုးရာဇာရပ်ကွက်၊ လသာအေးမြို့သစ်၊ ဆရာစံလမ်း၊ အမှတ် ၁၆၊၁၇/အကျယ်အဝန်းပေ (အလျား၁၂၀×အနံ ၆၀)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့နယ်မြေစာရင်းဦးစီးဌာနတွင် ဒေါ်နှင်း တရားဝင်အမည်ပေါက် ပိုင်ဆိုင်သောမြေကွက်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၄င်းအပြင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နှင်းသဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူ တစ်ဦးတစ်ယောက်မျှ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း၊ ထုခွဲ၊ ရောင်းချ၊ ပေးကမ်း၊ လှူဒါန်း၊ ပေါင်နှံ၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းစသည်တို့ လုံး၀ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူတို့၏တာဝန်ဖြစ်ကြောင်း ကြေညာပါသည်။ ထိုသို့ပြုမူ ဆောင်ရွက်မှုတစ်စုံတစ်ရာပေါ်ပေါက်တွေ့ရှိပါက ဒေါ်နှင်းက တည်ဆဲဥပဒေနှင့်အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန်းစန်းအောင် LL.B **(စဉ်-၂၈၁၆၀) အထက်တန်းရှေ့နေ**
အမှတ် ၆၂၊ ပထမထပ်၊ အခန်း ၁၀၊ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ရောင်းမည်

မဟာဗန္ဓုလတံတားရှေ့၊ ဒေါပုံမြို့သစ်၊ ဇေယျာသီရိလမ်း၊ လမ်းမမျက်နှာလှည့်၊ ဈေး၊ ကျောင်း၊ ရုံးနီး၊လမ်း အိမ်မြေသန့်၊ ၂၅ပေ×ပေ၆၀ တွင် ၂၂ပေ×ပေ၄၀ PT နှစ်ထပ်နောက်အုတ်၊ မီး၊ဂရန် နှစ်၆၀ အမည်ပေါက်ကိုယ်တိုင်။ **ဖုန်း-၀၉-၇၃၂၁၁၆၄၄၊ ၀၉-၄၃၀၉၄၄၅၂**



ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၂၇

ဦးဝင်းနိုင် **နှင့်** ၁။ ဦးလှလေး
၂။ ဒေါ်ကြည်ကြည်စိန်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ River view garden Housing အိမ်ရာ၊ ကမ်းနားလမ်း၊ အမှတ် ၄၁နေ (ယခုနေရပ်လိပ်စာမသိ) ဦးလှလေးနှင့်ဒေါ်ကြည်ကြည်စိန် တရားပြိုင်များသိစေရမည်။

တရားလိုက ချေးငွေနှင့်နစ်နာကြေးငွေစုစုပေါင်း ၁၃၀၀၀၀၀၀၀ (ကျပ်သိန်းတစ်ထောင့်သုံးရာတိတိ)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဖေဖော်ဝါရီ ၂၁ရက် (၁၃၇၃ခုနှစ် တပို့တွဲလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဘိုလေး (ခရိုင်တရားသူကြီး)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

စာပေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစိုးရအဆက်ဆက် အားပေးခဲ့သကဲ့သို့ မိမိတို့အစိုးရအဖွဲ့ကလည်း အားပေးပံ့ပိုးကူညီလျက်ရှိ ပြည်သူများ မှန်မှန်ကန်ကန်ရှုမြင်သုံးသပ်နိုင်ရေးအတွက် ဘက်စုံကဏ္ဍစုံက လေ့လာဖော်ထုတ်ရေးသား

စာပေစာနယ်ဇင်းဥပဒေသည် ပိတ်ပင်ရန်၊ တားဆီးရန်မဟုတ်ဘဲ စစ်မှန်သည့် စတုတ္ထမဏ္ဍိုင်ဖြစ်စေရန် ရည်ရွယ်ရေးဆွဲခြင်းဖြစ်

ရန်ကုန် ဖေဖော်ဝါရီ ၄

ဆင့်မအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၁၁) စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်းသစ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံ ဇမ္ဗူရစ်ရွှေစင်ခန်းမဥ္စကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ တက်ရောက်အားပေးချီးမြှင့်ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားကာ ဆုများကို ချီးမြှင့်သည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုရ အငြိမ်းစားသံအမတ်ကြီး ဝဏ္ဏကျော်ထင် ဦးသက်ထွန်းကိုယ်စား ဦးသော်ကောင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့မှ ဥက္ကဋ္ဌများနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌနှင့် စာပေဆုကော်မတီဝင်များ၊ စာပေဆုရွေးချယ်ရေးကော်မတီဝင်များ၊ ဆရာဝန်တင်ရွှေစာပေဆုနှင့် သုတစွယ်စုံစာပေဆုအဖွဲ့ဝင်များ၊ စာပေဆုရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပံ့ပိုးကူညီဆောင်ရွက်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ စာပေသည် နိုင်ငံတကာအတွက်ရော မိမိတို့နိုင်ငံအတွက်ပါ အရေးကြီးသည့်ကဏ္ဍတွင်ပါဝင်ကြောင်း၊ စာပေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအဆက်ဆက်က အားပေးပံ့ပိုးဖြည့်ဆည်းပေးခဲ့သကဲ့သို့ မိမိတို့အစိုးရအဖွဲ့ကလည်း အားပေးပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုတို့ကို နိုင်ငံတော်အနေဖြင့် ချီးမြှင့်ပေးလျက်ရှိကြောင်း၊ အမျိုးသားစာပေဆုတွင် ၁၂ မျိုး၊ စာပေဗိမာန်စာမူဆုတွင် ၁၄ မျိုး ချီးမြှင့်လျက်ရှိရာ စာပေဗိမာန်စာမူဆုတွင် ပထမ၊ ဒုတိယ၊ တတိယဆု သုံးဆုချီးမြှင့်သဖြင့် အမျိုးသားစာပေဆု ၁၂ ဆုနှင့် စာပေဗိမာန်စာမူဆု ၄၂ ဆု ချီးမြှင့်နိုင်သည့်အနေအထား ဖြစ်ပါကြောင်း။

တိုးချဲ့ဆောင်ရွက်

ယခုနှစ် အမျိုးသားစာပေဆုတွင် အင်္ဂလိပ်ဘာသာဖြင့်ရေးသားသည့် စာအုပ်ဆုချီးမြှင့်မှုကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လာမည့်နှစ်များတွင် အင်္ဂလိပ်ဘာသာဖြင့်ရေးသားသည့် စာအုပ်များအတွက် ဆုများတိုးမြှင့်ချီးမြှင့်နိုင်ရေးအတွက်လည်း ပညာရှင်များထံမှ အကြံဉာဏ်များ တောင်းခံထားပါကြောင်း။ *စာမျက်နှာ ၉ ကော်လံ ၁* ●

မြန်မာ့အလင်း နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

ကောင်းမြတ်သူ - ရေးသားသည်

အာဆင်နယ်တို့အိမ်ကွင်း၌ ဂိုးပြတ်နိုင် ဗန်ပါစီ ဟက်ထရစ်ဂိုးသွင်းယူ



လန်ဒန် ဖေဖော်ဝါရီ ၄

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပွဲစဉ်(၂၄)ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်အသင်းက ဘလက်ဘန်းအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ရမှတ်သုံးမှတ်ကို ထိုက်ထိုက်တန်တန်ရယူနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲ၌ အာဆင်နယ်အသင်းအတွက် ဗန်ပါစီက ပွဲချိန် ၂ မိနစ်၊ ၃၈ မိနစ်နှင့် ၆၂ မိနစ်တို့တွင် ဂိုးများသွင်းယူခဲ့သဖြင့် ဟက်ထရစ်ဂိုးသွင်းသူဖြစ်လာသည်။ ဗန်ပါစီသည် အာဆင်နယ်အသင်းသို့ ရောက်လာပြီးနောက် ယခု ဟက်ထရစ်ဂိုးမှာ တတိယအကြိမ်မြောက် ဟက်ထရစ်ဂိုးဖြစ်သည်။

အာဆင်နယ်အသင်းအတွက် ကျန်ဂိုးများကို ချန်ဘာလိန်းက နှစ်ဂိုး၊ အာတီတာနှင့် အွန်နရီတို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။ ဘလက်ဘန်းအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပီတာဆင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းသည် ဘောလုံးပိုင်ဆိုင်မှုအများဆုံးဖြင့် ဘလက်ဘန်းနောက်တန်းကို စိုးမိုးကစားခဲ့သည်။ ယင်းအတွက်ကြောင့်ပင် အာဆင်နယ်တို့ ဂိုးပေါက်ကန်သွင်းမှု အကြိမ်များစွာရပြီး ဂိုးမိုးရွာနိုင်ခဲ့ခြင်းဖြစ်သည်။ ဘလက်ဘန်းအသင်းမှ ဂီးဗက် အနီကတ်ဖြင့် ထုတ်ပယ်ခံရသဖြင့် အာဆင်နယ်တို့ ဂိုးပြတ်သွင်းနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာအနုပညာရပ်ဝန်း

➤ မြင့်မောင်စိုး - ရေးသားသည် ➤

အဆိုတော်ကြီး မက်ဒေါနား တစ်ကိုယ်တော် အယ်လ်ဘမ်ထွက်ရှိ

နယူးယောက် ဖေဖော်ဝါရီ ၄

အဆိုတော်မက်ဒေါနားတစ်ယောက် အခုတစ်လော အလုပ်တွေ တော်တော်များနေပုံပါပဲ။ သူမဟာ Super Bowl Show မတိုင်မီ နှစ်ရက်အလို ဖေဖော်ဝါရီ ၃ ရက်က MDNA လို့ အမည်ရတဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ် ထွက်ခဲ့ပါတယ်။

ဒီတေးအယ်လ်ဘမ်မှာ အခြားအဆိုတော်နှစ်ဦးဖြစ်တဲ့ နစ်ကီမီနားနဲ့ M.L.A တို့က Featuring သီဆိုပေးထားတယ်လို့ ဆိုပါတယ်။ မက်ဒေါနား **(ယာပုံ)** ဟာ W.E လို့ အမည်ရတဲ့ ရုပ်ရှင်ဇာတ်ကားသစ်မှာ ဒါရိုက်တာလုပ်ပြီးတဲ့နောက် ပထမဆုံး ဂီတလောကကို ပြန်ဝင်လာခြင်းလည်း ဖြစ်ပါတယ်။

ရောင်းအားအကောင်းဆုံး

MDNA လို့ အမည်ရတဲ့ မက်ဒေါနားရဲ့ ဒီတေးအယ်လ်ဘမ်ကို ယူနီဗာဆယ်ဂရုပ်တေးသံသွင်းက သွင်းပေးခဲ့တာဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာ မက်ဒေါနားရဲ့ ၁၂ ခုမြောက် စတီရီယိုအယ်လ်ဘမ်ဖြစ်ပါတယ်။ သူမဟာ ၂၀၀၈ ခုနှစ်က Hard Candy လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်ထွက်ပြီးနောက် ပထမဆုံးထွက်လာတဲ့ စတီရီယိုအယ်လ်ဘမ်လည်းဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာ နိုင်ငံပေါင်း ၃၇ နိုင်ငံမှာ ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်ဖြစ်ခဲ့ပါတယ်။ *စာမျက်နှာ ၆ ကော်လံ ၁* ❐

မြန်မာ့ရွှေဈေးကွက် အတက်ဘက်သို့သာ ဦးမော့နေ

အဝယ်တော် - ဖိုးထော် ရေးသားသည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ယနေ့ မြန်မာ့ရွှေဈေးကွက်ဟာ အကျဘက်ကိုရောက်မလာတော့ဘဲ အတက်ဘက်သို့သာ ဦးမော့နေတာကို တွေ့မြင်နေရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီလဆန်းပိုင်းရက်တွေမှာ အခေါက်ရွှေ တစ်ကျပ်သားကို ငွေကျပ် ၆၈၃၀၀၀ ဝန်းကျင်ရှိနေရာက လကုန်ပိုင်းမှာ တစ်ကျပ်သားကို ငွေကျပ် ခုနစ်သိန်းပတ်လည်မှာ အတက်နည်းနည်း အကျနည်းနည်းနဲ့ ဈေးကစားနေခဲ့ပါတယ်။

ကမ္ဘာ့ရွှေဈေးဟာ ဇန်နဝါရီလဆန်းပိုင်းမှာ ရွှေတစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၅၉၀ ဝန်းကျင်သာရှိခဲ့ရာမှ လကုန်ရက်ပိုင်းမှာ တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၄၀ နီးပါးအထိ မြင့်တက်သွားတာကို ဆန်းစစ်တွေ့ရှိခဲ့ရပါတယ်။

ကမ္ဘာ့ရွှေဈေးနှုန်းဟာ ပြည်တွင်းရှိ နိုင်ငံခြားငွေကြေးလဲလှယ်နှုန်းနဲ့ ချိန်တွက်တဲ့အခါ ငွေကျပ် ၂၀၀၀၀ (ကျပ်နှစ်သောင်း)နီးပါး အလျော့ဘက်မှာသာ ရပ်နေတယ်လို့လည်း ဆိုပါတယ်။

ယနေ့ ဖေဖော်ဝါရီ ၄ ရက်မှာ မြန်မာ့ရွှေဈေးဟာ အခေါက်ရွှေ တစ်ကျပ်သားကို ငွေကျပ် ၇၃၃၀၀၀ ဖြစ်နေတဲ့အတွက် ရက်ပေါင်း ၃၀ (တစ်လ)အတွင်းမှာပဲ ငွေကျပ် ၄၀၀၀၀ (လေးသောင်း)ကျော် ခုန်တက်သွားတာကို ဆန်းစစ်မိပါတယ်။

ရန်ကုန်မြို့ရှိ လမ်းမတော်၊ ရွှေဘုံသာလမ်း၊ ဗိုလ်ချုပ်ဈေးတို့မှ ရွှေကျွမ်းကျင်သူတွေရဲ့ အဆိုအရ ဒီ ၂၀၁၂ ခုနှစ် မကျော်ဘဲ အခေါက်ရွှေ တစ်ကျပ်သားကို ငွေကျပ် ရှစ်သိန်း(၈၀၀၀၀၀)ဝန်းကျင်အထိ ရှိလာနိုင်တယ်လို့ ခန့်မှန်းကြတဲ့အတွက် ယနေ့မြန်မာ့ရွှေဈေးကွက်ဟာ အတက်ဘက်သို့သာ ဦးမော့နေပါကြောင်း တင်ပြလိုက်ရပါတယ်။